ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့၊ (20-2-2005) (၄၅၁၅)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားပညာရေး အခြေခံအဆောက်အအုံများ အထိုက်အသင့်ပြည့်စုံ ပညာရေးဆိုင်ရာအခြေခံကောင်းများကို အကျိုးရှိထိုက်တန်စွာအသုံးချ ကျေးလက်ပညာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၆) သင်တန်းဆင်းအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ရှိ နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းအခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဆင်းအခမ်းအနား၌ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် အခြေခံပညာကဏ္ဍသည် အမျိုးသားပညာရေးမြှင့်တင်မှုဖြစ်စဉ်ကြီးတွင် ထုထည်ပမာဏအကြီးမားဆုံးနှင့် အခြေခံအကျဆုံးသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သကဲ့သို့ ကျေးလက်အစွန်အဖျားဒေသများအထိ လွှမ်းခြုံထားသည့်ကျယ်ပြန့်နက်ရှိုင်းသော ပညာရေးအဆောက်အအုံကြီးတစ်ရပ်လည်းဖြစ်ကြောင်း။

ထို့ကြောင့် အမျိုးသားပညာရည်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် အရင်းအမြစ်အကျဆုံးနှင့် ပဓာနအကျဆုံး ပညာရေးစွမ်းအားစုကြီးဖြစ်သည့် အခြေခံပညာ ဆရာ၊ ဆရာမများကို ယခုကဲ့သို့ အထူးမွမ်းမံသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးခြင်းအားဖြင့် အသိအမြင်သစ်၊ အတွေးအခေါ်သစ်၊ ခွန်အားသစ်၊ စွမ်းအားသစ်များ ပိုမိုတိုးပွား ခိုင်ခံ့စေမည်ဖြစ်ခြင်းကြောင့် ဆရာ၊ ဆရာမများအနေနှင့် ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များ ထမ်းဆောင်ကြရာတွင် ပိုမိုထိထိရောက်ရောက် တက်တက်ကြွကြွ ထက်ထက်သန်သန် ဆောင်ရွက်နိုင်ကြလိမ့်မည်ဟု နိုင်ငံတော်အစိုးရက ယုံကြည်ထားပြီးဖြစ်ကြောင်း။

တိုးတက်နိုင်ခဲ့

အထူးသဖြင့် နိုင်ငံ့ဝန်ထမ်းတိုင်းမှာရှိအပ်သည့် အခြေခံ အရည်အသွေးများဖြစ်သော **စာမျက်နှာ ၃ ကော်လံ ၁ သို့**

အမှာစကားပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၆) သင်တန်းဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

*** ပဲခူးတိုင်းအတွင်း ဆည်တမံလုပ်ငန်းပေါင်း ၄၀၊ မြစ်ရေတင်စီမံကိန်းများနှင့် အခြားရေရရှိရေးလုပ်ငန်းများ ပေါင်းစုတည်ဆောက်ပေးလျက်ရှိရာ အကျိုးပြုဧရိယာဧက ၁၅သိန်းအထိ တိုးတက်လာပြီး မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဝါ၊ ကြံ၊ ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံမျိုးစုံတို့ကို တိုးချဲ့စိုက်ပျိုးလာနိုင်လျက်ရှိသည်ကို တွေ့ရသည်။**

(ခေါင်းကြီး) (စာမျက်နှာ-၂)

*** တစ်နိုင်ငံလုံးဆိုင်ရာ၊ တစ်မျိုးသားလုံးဆိုင်ရာ နိုင်ငံရေးပြဿနာကို တစ်မျိုးသားလုံးဆိုင်ရာ ဒီမိုကရေစီပိုင်ခွင့်ကို အသိအမှတ်မပြုဘဲ တစ်ပါတီ၊ တစ်အုပ်စု၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် အပြီးအပိုင် ဖြေရှင်းနိုင်မည်ဟူသော အယူအဆ၊ ရပ်တည်ချက်သည် နိုင်ငံတော်၏ ပကတိအခြေအနေအရ လိုက်လျောညီထွေမရှိသည့်အပြင် လက်တွေ့လည်းမကျသော နိုင်ငံရေး စိတ္တဇရောဂါပင်ဖြစ်သည်။**

မြင့်မြတ်စိုး၏ "အမှန်တရားဖြင့် သိကြားစေ သက်သေညွှန်းလိုက်သည်"

(ဆောင်းပါး) (စာမျက်နှာ-၆)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၀-၂-၂၀၀၅
(တနင်္ဂနွေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နွေစပါး၊ ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံများ လျာထားချက်ပြည့်မီကျော်လွန်ရေး ကြိုးပမ်းစိုက်ပျိုး

စိုက်ပျိုးရေးကဏ္ဍသည် ပြည်သူအများ စားဝတ်နေရေး ဖူလုံစေရေးအတွက်သာမက အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက်ပါ ပဓာနကျသော အရင်းအမြစ်တစ်ခုဖြစ်သည်။

ဒေသတစ်ခုချင်းအနေဖြင့်ကြည့်ပါက စိုက်ပျိုးရေးလုပ်ငန်းသည် ဒေသတွင်း စားနပ်ရိက္ခာဖူလုံပြည့်စုံရေး၊ ဒေသ၏ စီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းရေးနှင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် အခြေခံကောင်း တစ်ခုလည်း ဖြစ်ပေသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု မြင့်မားလာစေရန် လိုအပ်ချက်များကို အလေးထား တည်ဆောက်ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်။ အထူးသဖြင့် ရေ၊ မြေ သဘာဝရာသီဥတုကို မှီခိုအားထား စိုက်ပျိုးနေမှုများအစား ခေတ်မီနည်းပညာရပ်များဖြင့် ပြုပြင်ဖန်တီးပေးကာ သီးနှံစိုက်ပျိုးစွမ်းအား မြင့်မားလာစေရန် အဘက်ဘက်က ဆောင်ရွက်ပေးလျက်ရှိနေပေသည်။

သာဓကအားဖြင့် ပဲခူးတိုင်းသည် တောတောင်ထူထပ်ပြီး ချောင်းမြောင်းပေါများသည့်အပြင် ပင်လယ်နှင့် ဆက်စပ်နေသည့် ဒေသဖြစ်သည်။ ပဲခူးမြစ်နှင့်စစ်တောင်းမြစ်အကြားတွင် ကျယ်ပြန့်သော ရေနက်ကွင်းကြီးများရှိရာ နိုင်ငံတော်က အဆိုပါ ရေကြီးရေနက်ကွင်းများကို စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် အဖိုးတန်လယ်မြေများအဖြစ် ဖော်ထုတ်ပေးနိုင်ရေးအတွက် ဆည်တမံ၊ ရေထိန်းတံခါးများစွာကို တည်ဆောက်ပေးလျက်ရှိသည်။

ပဲခူးတိုင်းအတွင်း ဆည်တမံလုပ်ငန်းပေါင်း ၄၀၊ မြစ်ရေတင်စီမံကိန်းများနှင့် အခြားရေရရှိရေးလုပ်ငန်းများ ပေါင်းစုတည်ဆောက်ပေးလျက်ရှိရာ အကျိုးပြုဧရိယာဧက ၁၅ သိန်းအထိ တိုးတက်လာပြီး မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဝါ၊ ကြံ၊ ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံမျိုးစုံတို့ကို တိုးချဲ့စိုက်ပျိုးလာနိုင်လျက်ရှိသည်ကို တွေ့ရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် ဖေဖော်ဝါရီလ ၁၆ ရက်နေ့က ပဲခူးတိုင်း ခရီးစဉ်အတွင်း ဇရပ်ကြီး တိုက်နယ်ဆေးရုံ၊ အခြေခံပညာအထက်တန်းကျောင်း၊ ကင်မွန်းချုံ အခြေခံပညာအထက်တန်းကျောင်း၊ ဘိုင်းဒါး ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေး အထူးဇုန်နှင့် ဓောင်းတူ ဆည်ရေသောက် နွေစပါးစိုက်ပျိုးခင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ခရီးစဉ်အတွင်း သက်ဆိုင်ရာဌာနများသို့ရောက်ရှိစဉ် ဆေးပဒေသာပင် အလှူငွေများ၊ ပညာရေးငွေပဒေသာပင်အလှူငွေများပေးအပ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူအသီးသီးတို့အား ဒေသဖွံ့ဖြိုးရေး၊ နွေစပါး၊ ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံများ လျာထားချက်ပြည့်မီကျော်လွန်စွာ စိုက်ပျိုးရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဘိုင်းဒါး ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးအထူးဇုန်သည် ညောင်လေးပင်မြို့နယ်နှင့် ဒိုက်ဦးမြို့နယ်အကြား၌ တည်ရှိပြီး မြေဧက ခုနစ်ထောင်ကျော်တွင် ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ခရမ်းချဉ်၊ ခရမ်း၊ နံနံ၊ ဖရုံ၊ ဖရဲ၊ ငရုတ်၊ ကြက်သွန်နီ၊ ဖူးစားပြောင်း၊ အစေ့ထုတ်ပြောင်း၊ မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိသည်။

အဆိုပါ ဘိုင်းဒါးဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးအထူးဇုန်မှ ဟင်းသီးဟင်းရွက် တန်ချိန် ခြောက်ထောင်ကျော် ထုတ်လုပ်၍ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ဘားအံနှင့်မူဆယ်မြို့များသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

၂၀၀၄-၂၀၀၅ ခုနှစ်တွင် ဓောင်းတူ ဆည်ရေသောက်ဧရိယာ၌ နွေစပါးဧက တစ်သောင်းငါးထောင်ကျော် စိုက်ပျိုးရန် လျာထားရာ ဧက ခုနစ်ထောင်ကျော် စိုက်ပျိုးပြီးစီးလျက်ရှိသည်။ ပဲခူးမြို့နယ်အတွင်း နွေစပါးဧက နှစ်သောင်းကျော် စိုက်ပျိုးရန်လျာထားရာ ယခုအခါ ဧက တစ်သောင်းခြောက်ထောင်ကျော် စိုက်ပျိုးပြီးစီးလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးတို့အတွက် အဘက်ဘက်က ကူညီဖြည့်ဆည်းပေးလျက်ရှိရာ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူလယ်သမားများက ဒေသအလိုက် နွေစပါး၊ ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံများ လျာထားချက်ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ဂွမ်တာနာမိုအကျဉ်းစခန်း အကျဉ်းသားများကိုစွဲ နိုင်ငံတကာကြက်ခြေနီ စိုးရိမ်မကောင်းဖြစ်နေ

ဂျီနီဗာ ဖေဖော်ဝါရီ ၁၉

ဂွမ်တာနာမိုအကျဉ်းစခန်းနှင့် အခြားဒေသရှိ အကျဉ်းစခန်းများမှ အကျဉ်းသားများနှင့်ပတ်သက်၍ သမ္မတဘုရှ်၏ သဘောထားအပေါ် စိုးရိမ်မကောင်းဖြစ်မှု ပိုမိုများပြားလာခဲ့ကြောင်း နိုင်ငံတကာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ) ဥက္ကဋ္ဌ ဂျေကော့ကယ်လင်ဘာဂျာက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ကယ်လင်ဘာဂျာသည် ဘုရှ်နှင့် နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်တို့နှင့် ဝါရှင်တန်တွင် တနင်္လာနေ့က တွေ့ဆုံ ဆွေးနွေးခဲ့သည်။

ဆွေးနွေးခဲ့

ကယ်လင်ဘာဂျာအနေဖြင့် ဂွမ်တာနာမိုအကျဉ်းစခန်းတွင် ထိန်းသိမ်းထားသည့် အကျဉ်းသားများကိစ္စ ဆွေးနွေးခဲ့မှုရှိ၊ မရှိမေးမြန်းရာ ဂျီနီဗာမြို့ရှိ အိုင်စီအာရ်စီပြောရေးဆိုခွင့်ရှိသူ ဖလိုရီယန်ဝက်ခ်ဖယ်က အကျဉ်းသားများနှင့်ပတ်သက်သည့် ပြဿနာဆွေးနွေးခဲ့ကြောင်း ပြောကြားခဲ့သည်။

ရလဒ်များ ပေါ်ထွန်းရေးအတွက် နှစ်ဦးနှစ်ဖက်ဆွေးနွေးမှုသည်ယေဘုယျအားဖြင့် အကောင်းဆုံး နည်းလမ်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။ သို့ရာတွင် ၎င်းက အသေးစိတ် ဝေဖန်ပြောကြားမှု မရှိပေ။

စစ်ဆေး

အိုင်စီအာရ်စီမှ တာဝန်ရှိပုဂ္ဂိုလ်များက ဂွမ်တာနာမိုအကျဉ်းစခန်းမှ အကျဉ်းသမားများထံ ပုံမှန်သွားရောက် စစ်ဆေးနေကြပြီဖြစ်သည်။ ယင်းစခန်းတွင် အမေရိကန်နိုင်ငံအား ၂၀၀၁ ခုနှစ်က တိုက်ခိုက်ခံရစဉ်အတွင်းနှင့် အခြားစစ်ဆေးရေး လှုပ်ရှားမှုအတွင်း အကြမ်းဖက်သမားများဟု သင်္ကာမကင်းဖြစ်ရသူ ရာချီ၍ ထိန်းသိမ်းထားခဲ့သည်။

အိုင်စီအာရ်စီ မှတ်တမ်းတစ်ခုမှ သတင်းအချက်အလက်များ နှိုဝင်ဘာလက ပေါက်ကြားသွားခဲ့သည်။ ထိုသတင်းတွင် အမေရိကန်စစ်ဘက်သည် ဂွမ်တာနာမိုအကျဉ်းစခန်းရှိ အကျဉ်းသမားများအား နည်းအမျိုးမျိုးသုံး၍ ညှဉ်းပန်းနှိပ်စက်နေသည်ဟု စွပ်စွဲထားသည်။ သို့ရာတွင် အမေရိကန်စစ်ဌာနချုပ်က ယင်းသတင်း မဟုတ်မမှန်ကြောင်း အပြင်းအထန် ငြင်းဆိုခဲ့သည်။

ကယ်လင်ဘာဂျာနှင့် သမ္မတဘုရှ်တို့သည် အမေရိကန်က အကျဉ်းစခန်းများနှင့် စပ်လျဉ်း၍ အိုင်စီအာရ်စီ၏ စိုးရိမ်မကောင်းဖြစ်မှုနှင့် ကမ္ဘာတစ်ဝန်းရှိ လက်နက်ကိုင် ပဋိပက္ခများကို ဆွေးနွေးခဲ့ကြကြောင်း ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် လူသားချင်း စာနာထောက်ထားရေးဆိုင်ရာ အေဂျင်စီ၏ အကျဉ်းရုံး အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါ အေဂျင်စီက ယင်းပြဿနာများအား ထိပ်ဆုံးထားပြီး ဆွေးနွေးနေသည့် အခွင့်အလမ်းများအပေါ် လက်ကမ်းကြိုဆိုလိုက်ပြီး အမေရိကန်အာဏာပိုင်များနှင့် လျှို့ဝှက်ဆွေးနွေးမှု ခိုင်မာစေရေးအတွက် မျှော်လင့်နေကြောင်း ပြောကြားလိုက်သည်။

အမ်အင်အေ၊ရိုက်တာ။

ကက်ရှ်မီးယားတွင် နှင်းခဲပြိုကျ

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၁၉

ပါကစ္စတန်နိုင်ငံ ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသတွင် နှင်းခဲနှင့်ကျောက်တုံးများ ပြိုကျမှုကြောင့် လူ၄၀ ထက်မနည်း သေဆုံးသွားခဲ့ကြောင်း အစိုးရသတင်းဌာနဖြစ်သည့် အေပီပီက စနေနေ့တွင် ဖော်ပြလိုက်သည်။

နီလမ်တောင်ကြား ရှာဒါဒေသမှ နာယီတန်ဝါလီဆာရီကျေးရွာရှိအိုးအိမ်အများအပြားမှာ နှင်းခဲနှင့်ကျောက်တုံးများ ပြိုကျပြီး ဖုံးလွှမ်းခံခဲ့ရကာ လူသေဆုံးမှုများ ဖြစ်ပေါ်ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားနှင့် စင်ကာပူတို့ ဆက်ဆံရေး တိုးတက်မြင့်မား

စင်ကာပူ ဖေဖော်ဝါရီ ၁၉

အရှေ့တောင်အာရှ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့က တရားခံပြေးလွှဲပြောင်းပေးရေး သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးရန် အင်္ဂါနေ့က သဘောတူညီလိုက်ကြသည်။

အဂတိလိုက်စားသော ဘဏ်လုပ်ငန်းရှင်များ၊ သင်္ကာမကင်းဖွယ်စစ်သွေးကြွများနှင့် အခြားသော ဝရမ်းပြေးများကို ဖမ်းဆီးတရားစွဲဆိုရန် အင်ဒိုနီးရှား အာဏာပိုင်များက လိုလားသည်။

သဘောတူ

အိမ်နီးချင်းနှစ်နိုင်ငံ ဆက်ဆံရေးတိုးတက်ကောင်းမွန်သည့် လက္ခဏာတစ်ရပ်အဖြစ်ဖြင့် အင်ဒိုနီးရှား၌ လုပ်ငန်းများလုပ်သည့် စင်ကာပူရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမည့် ရင်းနှီးမြှုပ်နှံမှု အာမခံစာချုပ်တစ်ရပ်ကိုလည်းလက်မှတ်ရေးထိုးရန် ဉီးသည်တော် အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘမ်ဘန်းနှင့် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းတို့က သဘောတူညီလိုက်ကြသည်။

ရင်းနှီးမြှုပ်နှံမှု အာမခံစာချုပ်ကို ဗုဒ္ဓဟူးနေ့တွင် လက်မှတ်ထိုးမည်ဖြစ်ပြီး ခရီးသွားလုပ်ငန်း၊ မြို့ပြလေကြောင်းပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုကိုပါ နှစ်နိုင်ငံ ဆွေးနွေးလျက်ရှိကြောင်း အင်ဒိုနီးရှားသမ္မတ ဘမ်ဘန်းက ပြောကြားသည်။***အမ်အင်အေ၊ရိုက်တာ။***

ဘော့စနီးယားတွင် ဆီးနှင်းထူထပ်စွာကျ၊ နှစ် ၂၀ ကာလအတွင်း အအေးဆုံး အခြေအနေဖြစ်

ဆာယာယေဗို ဖေဖော်ဝါရီ ၁၉

ဘော့စနီးယားနိုင်ငံ၏ ဒေသအတော်များများတွင် ဆီးနှင်းများ ထူထပ်စွာကျသည့်အတွက် ဖေဖော်ဝါရီ ၁၆ ရက်နေ့ပါဆိုလျှင် ကျောင်းများပိတ်ထားရသည်မှာ နှစ်ရက်ရှိသွားပြီဖြစ်သည်။ ဆီးနှင်းများ လွန်ကဲစွာကျသဖြင့်နိုင်ငံ၏ အချို့ဒေသများတွင် အာဏာပိုင်များက အရေးပေါ်အခြေအနေ ကြေညာထားရကြောင်း သိရသည်။

ပြီးခဲ့သော သီတင်းနှစ်ပတ်အတွင်းကစ၍ ရေတွက်လျှင် ဆီးနှင်းကျမှုလွန်ကဲခြင်းကြောင့် သေဆုံးရသူ ဦးရေမှာ ၁၂ ဦးရှိသွားပြီဖြစ်သည်။ ထိုဒေသများတွင် အပူချိန်မှာ ရေခဲမှတ်အောက်အနုတ် ၂၀ ဒီဂရီဖာရင်ဟိုက်အထိ ကျဆင်းသွားသည်။ ဖြစ်ပေါ်နေသော ရာသီဥတုအခြေအနေမှာ နှစ် ၂၀ ကာလအတွင်း အအေးဆုံးအခြေအနေ ဖြစ်ကြောင်း မိုးလေဝသဆိုင်ရာသတင်းများက ဆိုသည်။

နိုင်ငံ၏အရှေ့ပိုင်းနှင့် အနောက်ပိုင်း ဒေသများတွင် နှင်းကျဆင်းမှု အခြေအနေမှာ ထုသုံးပေအထိရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၅ ရက်တွင် နိုင်ငံ၏ အလယ်ပိုင်းရှိ ကာကန်မြို့တွင် လူတစ်ဦးမှာ ၎င်း၏အိမ်အနီး မီတာ ၁၀၀ ခန့်အကွာတွင် အအေးလွန်ကဲမှုဒဏ်ကြောင့် သေဆုံးနေသည်ကို တွေ့ခဲ့ကြရသည်။ အနီးအနားဒေသရှိ မွန်တီနေးဂရိုးအရပ်တွင် ကျေးရွာအများအပြားမှ ပြည်သူများသည် နှင်းများ ပိတ်မိနေသောကြောင့် ပြင်ပသို့ မထွက်နိုင်ဘဲရှိကြသည်။ နိုင်ငံတွင် ကျင်းပရန်ရှိသော ပါလီမန်အစည်းအဝေးမှာလည်း နှင်းကျဆင်းမှုဒဏ်ကြောင့် အစည်းအဝေးပြုလုပ်ရန် အခက်အခဲရှိနေကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မူးယစ်ဆေးဝါး ခိုးသွင်းသူလေးဦး တန်ဇန်းနီးယားရဲက ဖမ်းဆီး

ဒါရက်ဆလမ် ဖေဖော်ဝါရီ ၁၉

အမေရိကန်ဒေါ်လာများစွာ တန်ဖိုးရှိသော ဘိန်းဖြူများကို ဝမ်းဗိုက်ထဲ၌ ပလတ်စတစ်အိတ်များဖြင့် ခိုးသွင်းလာသူ လေးဦးကို တန်ဇန်းနီးယားရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း တန်ဇန်းနီးယားသည် စီးတီးဇင်းသတင်းစာက အင်္ဂါနေ့တွင် ဖော်ပြလိုက်သည်။

ဖမ်းဆီး

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက အမေရိကန်ဒေါ်လာ ၄၀၀၀၀ တန်ဖိုးရှိသော ဘိန်းဖြူများကို ရဲတပ်ဖွဲ့ဝင်များက ဒါရက်ဆလမ်နိုင်ငံတကာလေဆိပ်တွင် ဖမ်းဆီးမိကြောင်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဇက်ဆာကာမူစတာဆာက ပြောကြားလိုက်သည်။

တန်ဇန်းနီးယားနိုင်ငံတွင် မူးယစ်ဆေးဝါး သုံးစွဲမှုမှာ မြင့်မားလာသည်။ ထို့ပြင် လက်တင်အမေရိကနှင့် အာရှမှထုတ်လုပ်သည့် မူးယစ်ဆေးဝါးများကို ဥရောပ၊ မြောက်အမေရိကနှင့် တောင်အာဖရိကတို့သို့ တင်ပို့ရာတွင် တန်ဇန်းနီးယားနိုင်ငံမှာ ကြားစခန်းတစ်ခုဖြစ်နေသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ ပညာရည်မြင့်မားစေရအောင် စီမံဆောင်ရွက် ပညာရေးစွမ်းအားဖြင့် နိုင်ငံဖွံ့ဖြိုးရေးကို အပြန်အလှန် အကျိုးပြုမြှင့်တင်ပေး

❐ ရှေ့ဖုံးမှ

ရပ်တည်ချက်ခိုင်မာမှု၊ ယုံကြည်ချက်၊ ခံယူချက်ခိုင်မြဲမှု၊ လုပ်ငန်းတာဝန် ကျေပွန်မှုနှင့် စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်မှုစသည့် အခြေခံကောင်းများကို ဤအထူးမွမ်းမံသင်တန်းများက ပိုမိုတိုးတက်ခိုင်ခံ့စေမှာ အမှန်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမများအနေနှင့် နိုင်ငံ့ဝန်ထမ်းကောင်းတို့၏ အခြေခံအရည်အသွေးများနှင့်အညီ ရပ်တည်ချက် ခိုင်မာမြဲမြံစွာဖြင့် နိုင်ငံတော်အစိုးရ၏ မှန်ကန်သောမူဝါဒများနှင့် အမျိုးသားရေးအကျိုးစီးပွားရှေးရှုသည့် အပြုသဘော ကြိုးပမ်းဆောင်ရွက်မှုများတွင် ပူးပေါင်းပါဝင်ပြီး အဖျက်အမှောင့် သမားများ၏ ပြည်သူ့အကျိုးစီးပွား ဆန့်ကျင်လုပ်ဆောင်မှုများကို တွန်းလှန် ကာကွယ်ရာတွင်လည်း ရပ်တည်ချက်မယိမ်းမယိုင် ခိုင်မာတည်တံ့စွာဖြင့် ဆက်လက်ကာကွယ် ထိန်းသိမ်းစောင့်ရှောက်သွားကြပါဟု မှာကြားလိုကြောင်း။

ယုံကြည်ခံယူ

ထို့အတူ ယုံကြည်ချက်၊ ခံယူချက်အပိုင်းတွင် မိမိနိုင်ငံ မိမိလူမျိုး၏ သမိုင်းပေးသင်ခန်းစာများက ဖန်တီးဖော်ဆောင်ပေးမှုကြောင့် ဖြစ်တည်လာသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသော အမျိုးသားရေးမူဝါဒကို ခိုင်ခိုင်မြဲမြဲ မမှိတ်မသုန် ယုံကြည်ခံယူထားရန် လိုအပ်မည်ဖြစ်ကြောင်း။

အလားတူပင် နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် မိမိသက်ဆိုင်ရာဌာန၏ ပင်မတာဝန်ဝတ္တရားများ၊ ကိုယ်စီကိုယ်စီ တာဝန်ခံကြရသည့် တာဝန်ဝတ္တရား များနှင့် နိုင်ငံတော်၏ပကတိလိုအပ်ချက်က တောင်းဆိုလာသည့် အမျိုးသားရေး တာဝန်များကို ကျေကျေလည်လည် နားလည်သဘောပေါက်ပြီး မိမိတို့၏ တာဝန်ကျေပွန်စေရအောင် မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်မှုအပိုင်းတွင်လည်း နိုင်ငံတော်၏ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကျင့်သုံးတတ်သည့်စိတ်ဓာတ်၊ မိမိသက်ဆိုင်ရာဌာန၏ စည်းမျဉ်း၊ စည်းကမ်းနှင့် ဝန်ထမ်းကျင့်ဝတ်များကို လေးစားလိုက်နာတတ်သည့် စိတ်ဓာတ်၊ နိုင်ငံကြီးသားပီသစွာ ပြုမူကျင့်ကြံ နေထိုင်တတ်သည့် စိတ်ဓာတ်၊ စာရိတ္တနှင့် ကိုယ်ကျင့်တရားမြဲမြံစွာ စောင့်ထိန်း တတ်သည့် စိတ်ဓာတ်နှင့် နိုင်ငံသူ၊ နိုင်ငံသားတစ်ဦးအနေဖြင့် ထားရှိရမည့် တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ အစဉ်ထာဝရမြင့်မား ခိုင်မာမြဲမြံနေစေရအောင် မပြတ်နှလုံးသွင်း စောင့်ထိန်းကြရမှာဖြစ်ကြောင်း။

အထူးသဖြင့် မျိုးဆက်သစ်ကျောင်းသူ၊ ကျောင်းသား လူငယ်လူရွယ်များကို နိုင်ငံတော်က အားထားရသည့် သားကောင်းသမီးမွန်များ ဖြစ်လာစေရအောင် ပညာရေးကဏ္ဍမှနေ တာဝန်ယူ ပြုစုပျိုးထောင်ပေးနေသည့် ဆရာ၊ ဆရာမတို့ အနေဖြင့် ယင်းအခြေခံကောင်း၊ အရည်အသွေးကောင်း၊ အလေ့အကျင့်ကောင်း၊ စိတ်ဓာတ်ကောင်းများကို လူငယ်များ၏ ဖြူစင်နုနယ်သည့် နှလုံးအိမ်ထဲတွင် ဘဝတစ်သက်တာလုံးအတွက် စွဲမြဲခံယူသွားစေရန် ယခုအရွယ်ကပင် မျိုးစေ့ချ ပျိုးထောင်ပေးကြပါဟု မှာကြားလိုကြောင်း။

ယနေ့အချိန်အခါကဲ့သို့ ပညာရေးက အရာရာကို ပိုင်းဖြတ်ပေးနေသည့် ပညာခေတ်ကြီးတွင် ဆရာ၊ ဆရာမများသည် ပညာရေးဝန်ထမ်းတစ်ဦးအနေနှင့် မွန်မြတ်မြင့်မားသည့် အမျိုးသားရေးတာဝန်များကို ထမ်းဆောင်နေရကြောင်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အနာဂတ်ရေးကို အမျိုးသားရေးအကျိုးစီးပွား အဖြစ် ထွန်းနိုင်ဆုံး လမ်းကြောင်းမှန်ပေါ်တွင် အရေးပါသည့်အခန်းကဏ္ဍမှ ကြီးလေးသည့် တာဝန်များကို ထမ်းဆောင်နေရသည်ဆိုသည့် ယုံကြည်ချက်၊ ခံယူချက်အပြည့်အဝ ထားရှိပြီး မိမိတို့၏ မြင့်မြတ်သည့် တာဝန်ဝတ္တရားများကို ကျေပွန်အောင် ထမ်းဆောင်ကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် ပညာရေး၊ ကျန်းမာရေးနှင့် နည်းပညာကဏ္ဍ များ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ သတ္တု၊ လျှပ်စစ်စွမ်းအားနှင့် စွမ်းအင် ကဏ္ဍများစသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး နယ်ပယ်ကဏ္ဍအသီးသီးမှာ အနာဂတ်ကို မျှော်မှန်းပြီး အမျိုးသားရေး အကျိုးစီးပွားရှေးရှုသည့် ရည်မှန်းချက် များ ပီပြင်ပြီးလက်တွေ့ကျသည့် လုပ်ငန်းစဉ်များပါဝင်သည့် နှစ်ရှည်စီမံကိန်း အသီးသီးကို ရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးကဏ္ဍအနေနှင့် ပညာရေးမြှင့်တင်မှုအစီအစဉ်များမှ အစပြုပြီး အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့်ကို ရေးဆွဲချမှတ်အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အတွက် ယခုဆိုလျှင် အရည်အသွေးမြင့်မား သည့် လူ့စွမ်းအားအရင်းအမြစ်များ ခေတ်နှင့်အညီပေါ်ထွန်းလာစေမည့် အမျိုးသား ပညာရေး အခြေခံအဆောက်အအုံများ အထိုက်အသင့် ပြည့်စုံနေသည့် အခြေ အနေကို ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ယင်းသို့ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် ပညာရေး ဆိုင်ရာ အခြေခံကောင်းများကို ပြည့်ပြည့်ဝဝနှင့် အကျိုးရှိထိရောက်တန်စွာ အသုံးချ နိုင်ရေးမှာ ဆရာ၊ ဆရာမများသည် ပဓာနကျသည့် အခန်းကဏ္ဍက ပါဝင်လျက် ရှိသည်ဟုလည်း ခံယူထားကြရမည်ဖြစ်ကြောင်း။

အခြေခံပညာကဏ္ဍ ပြည့်စုံခိုင်ခံ့မှသာလျှင် အဆင့်မြင့်ပညာကဏ္ဍမှာ နိုင်ငံတော်အတွက် လိုအပ်နေသည့် အရည်အသွေးမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့်လည်း အခြေခံပညာကဏ္ဍမှာ သင်ရိုးညွှန်းတမ်း များ နိုင်ငံတကာအဆင့်မီအောင် မြှင့်တင်ပေးမှုများ၊ ဆရာအတတ်ပညာ အရည်အသွေး လေ့ကျင့်ပျိုးထောင်မြှင့်တင်ပေးမှုများ၊ ခေတ်မီ Multi-Media သင်ထောက်ကူပစ္စည်းများ၊ နိုင်ငံတကာအဆင့်မီ သိပ္ပံလက်တွေ့ခန်းသုံး ပစ္စည်းများ ဖြည့်ဆည်းပေးမှုများစသည့် အခြေခံပညာကဏ္ဍ အရည်အသွေး မြှင့်တင်မှုလုပ်ငန်း များကို စနစ်တကျစီမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့်နိုင်ငံတော်၏ ရည်မှန်းချက်များနှင့်အညီ အခြေခံပညာကျောင်း များ၏ အရည်အသွေးမြင့်မားရေး၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ ပြည့်ပြည့်ဝဝ အသုံးချနိုင်ရေး၊ သင်ရိုးညွှန်းတမ်းများအတိုင်း ပြည့်ဝကုန်စင်အောင် သင်ကြား ပေးနိုင်ရေးတို့အတွက် ဆရာ၊ ဆရာမများအပိုင်းက ဆက်လက်ကြိုးပမ်းဆောင်ရွက် ကြရန် လိုအပ်မှာဖြစ်ကြောင်း။

ယနေ့အမျိုးသားပညာရေးစနစ်၏ ထူးခြားသည့် ဝိသေသဂုဏ်ဒြပ်မှာ ကျောင်းသူ၊ ကျောင်းသား လူငယ်များကို နိုင်ငံတကာအဆင့်မီ စာပေအသိပညာ တတ်ကျွမ်းစေရန်အပြင် ပညာရေးနှင့် လူ့ဘောင်အဖွဲ့အစည်းဆက်စပ်ပြီး မိမိ

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုဝန်ထမ်း တက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၆) သင်တန်းဆင်းပွဲတွင် သင်တန်းသားစံပြဆုရ ပဲခူးတိုင်း ဇီးကုန်းမြို့နယ် နွားတဲကုန်း အခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းပြဆရာ ဦးစိုးလွင်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရပ်ရွာ၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မိမိနိုင်ငံ မိမိလူမျိုး တိုးတက်ကြီးပွားရေး အတွက် လက်တွေ့ ကြိုးစားဆောင်ရွက်ပေးနိုင်သည့်စိတ်ဓာတ်၊ စွမ်းအားနဲ့အရည် အသွေးတို့ပါ ပြည့်စုံစေရအောင် လေ့ကျင့်ပျိုးထောင်ပေးနေမှုပင်ဖြစ်ကြောင်း။

တစ်နည်းပြောရလျှင် ရပ်ရွာဒေသနှင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးတွင် မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများ ပညာရည်မြင့်မားစေရအောင် စီမံဆောင်ရွက် ကြရန် လိုအပ်သကဲ့သို့ ပညာရေးစွမ်းအား ဖြင့် နိုင်ငံဖွံ့ဖြိုးရေးကို အပြန်အလှန် အကျိုးပြု မြှင့်တင်ပေးနိုင်စေရန်လည်း လိုအပ်ကြောင်း။

အလေးထားအကောင်အထည်ဖော်

နိုင်ငံတော်အစိုးရအနေနှင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြီး များဖြစ်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး(၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စဉ်ကြီး (၅) ရပ်ဆိုသည့် ဖွံ့ဖြိုးရေးစီမံကိန်းများအားလုံးတွင် ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အစီအမံများကို သူ့အဆင့်အလိုက် ဆီလျော် ညီညွတ်စွာ အလေးထားထည့်သွင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိကြောင်း။

ထို့ကြောင့် နယ်စပ်အစွန်အဖျားဒေသများအပါအဝင် ကျေးလက်ဒေသများ တွင် ပညာရေးကဏ္ဍတာဝန်များကို လက်တွေ့ထမ်းဆောင်နေကြသည့် ဆရာ၊ ဆရာမများအနေနှင့် မိမိတာဝန်ကျရာ စာသင်ကျောင်းသာမက ပတ်ဝန်းကျင်ဒေသ တစ်ခွင်လုံးမှာ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေစေရအောင်၊ ကလေးတိုင်းပညာသင်ယူခွင့် ရရှိစေရအောင်၊ ကျောင်းပျက်၊ ကျောင်းထွက်မှု လျော့နည်းပပျောက်စေရအောင်၊ အတန်းကူးပြောင်းသင်ယူနှုန်း မြင့်မားပြီး အခြေခံပညာအဆင့်အလိုက် ပြီးဆုံးမှုနှုန်း မြင့်မားစေရအောင်၊ သင်ယူပြီးမြောက်ခဲ့ သည့် ပညာရပ်များကို ရပ်ရွာကောင်းကျိုးနှင့် လုပ်ငန်းခွင်များမှာ လက်တွေ့အသုံးချ နိုင်စေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် သက်ကြီးစာတတ်မြောက်ရေး လှုပ်ရှားမှုများမှာပါ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

အထူးသဖြင့် ကျေးလက်ဒေသပညာရေး အဆင့်အတန်းမြင့်မားရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ဆရာ၊ ဆရာမများကိုယ်တိုင် တက်တက် ကြွကြွ ပါဝင်ဆောင်ရွက်ကြရန်သာမက မိမိကျောင်းနှင့် ရပ်ရွာဒေသ တစ်ဆက် တစ်စပ်တည်းဖြစ်စေပြီး အပြန်အလှန် အကျိုးပြုတိုးတက်စေရအောင်နှင့် မိမိ ကျောင်း၏ ဥပစိရပ်ကောင်းမွန်ရေးမှာ ရပ်ရွာဒေသက ပူးပေါင်းပါဝင်လာစေရ အောင် လက်တွေ့ကျကျ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ယင်းသို့ မိမိစာသင်ကျောင်းနှင့် ရပ်ရွာဒေသ တစ်ဆက်တစ်စပ်တည်း အကျိုးပြုဖြစ်ထွန်းစေရေးအတွက် ဆရာ၊ ဆရာမများကိုယ်တိုင်က ရပ်ရွာဒေသနှင့် ကင်းကွာမနေဘဲ ဆရာ၊ ကျောင်းသား၊ မိဘပြည်သူ၊ ရပ်မိရပ်ဖ တစ်စိတ် တစ်ဝမ်းတည်း တစ်သွေးတစ်သားတည်းဖြစ်စေရအောင် ယုံကြည်ချက်၊ ခံယူချက်၊ ရပ်တည်ချက်မှန်ကန်စွာဖြင့် စံနမူနာပြ နေထိုင်ကျင့်ကြံရင်း ရပ်ရွာပြည်သူများကို စည်းရုံးဦးဆောင်သွားရန် လိုအပ်မှာဖြစ်ကြောင်း။

ယနေ့အချိန်ခါမှာ နိုင်ငံတော်အစိုးရအနေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ကူးပြောင်းရေးအတွက် နိုင်ငံတော်ရှေ့ဆက် သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိကြောင်း။

ဤသို့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးသို့ ကူးပြောင်းရေးဖြစ်စဉ်အဆင့်ဆင့် တွင် အဆင့်တိုင်း အဆင့်တိုင်း အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်မှာ တည့်မတ် ခိုင်မာစွာဖြစ်ထွန်းနေစေရန်အတွက် မိမိနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ၏ အသိတရားဖြင့်ယှဉ်သော မှန်ကန်သည့် ပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း။

မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများအားလုံး ပညာရည်မြင့်မားမှသာ တည်ငြိမ် ခိုင်မာသည့် အတွေးအမြင်၊ အဆိုးအကောင်း၊ အကျိုးအပြစ် ဝေဖန်ပိုင်းခြားနိုင်သော စွမ်းရည်၊ အဖျက်သဘောနှင့် အပြုသဘောကို ခွဲခြားသိမြင်နိုင်တဲ့အတွေးအခေါ်၊ အသိဉာဏ်၊ ဗဟုသုတတို့နှင့်ပြည့်စုံစေပြီး မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် ရေရှည် အကျိုးစီးပွားဖြစ်ထွန်းစေမည့် အနာဂတ်ကို မှန်ကန်စွာရွေးချယ်နိုင်မှာဖြစ်ကြောင်း။

တက်တက်ကြွကြွကြိုးပမ်း

ထို့ကြောင့် ဆရာ၊ ဆရာမတို့အနေနှင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော် ကြီး၏ အနာဂတ် တည်ငြိမ်အေးချမ်းသာယာဝပြောပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် နိုင်ငံတကာ့အလယ်တွင် တင့်တယ်ဝင့်ကြွားနိုင်စေ ရေးမှာ အမျိုးသားပညာရည်မြင့်မားရေး၏ အရေးပါမှုကိုသိမြင်ပြီး နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အဆင့်ဆင့် အကောင်အထည်ပေါ် ဖြစ်ထွန်းစေရအောင် ပညာရေးကဏ္ဍ၏ တာဝန်များနှင့်အတူ နိုင်ငံသူ၊ နိုင်ငံသား တစ်ဦး၏ အမျိုးသားရေးတာဝန်များကိုပါ ကျေပွန်စေရအောင် တက်တက်ကြွကြွ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် ပြောကြားလိုသည်မှာ—

- **ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာ့အလယ်တွင် ဂုဏ်သိက္ခာရှိရှိ တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား အစွန့်ရှည် တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်စေရေးအတွက် ထိန်းသိမ်း စောင့်ရှောက် မြှင့်တင်ပေးနိုင်မည့် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်တို့ ခိုင်မာရင့်သန်သော ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်း နေစေရအောင် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**
- **အမျိုးသားပညာရည်မြင့်မားမှုနှင့်အတူ မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက် စေရေးအတွက် ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များကို ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်သွားကြပါ၊**
- **အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်း လာစေရအောင် အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာစွာ ဖြင့် ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါ**

ဟု ပြောကြားသွားသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများအား ဆုများချီးမြှင့်ခြင်းနှင့် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခြင်းအစီအစဉ်ကို ဆက်လက် ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သင်တန်းသား စံပြဆုကို သင်တန်းသားအမှတ်(အက်ဖ်–၁၂၂) ပဲခူးတိုင်း ဇီးကုန်းမြို့နယ် နွားတဲကုန်းအခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းပြဆရာ ဦးစိုးလွင်ဦးအားလည်းကောင်း၊ သင်တန်းသူစံပြဆုကို သင်တန်းသူအမှတ် (ဒီ–၂၃၁) ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်း ကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ဝါဝါအားလည်းကောင်း၊ သင်တန်းသား ဖွဲ့လုံ့လဆုကို သင်တန်းသားအမှတ် (အက်ဖ်–၂၁၂) ပဲခူးတိုင်း မိုးညိုမြို့နယ် ထိန်တောအခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြ ဆရာဦးစန်းမောင်၊ သင်တန်းသူ ဖွဲ့လုံ့လဆုများကို သင်တန်းသူအမှတ်(ဘီ– ၄၈) ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၂၀)အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်ဝင်းငြိမ်းနှင့် သင်တန်းသူအမှတ်(စီ–၁၂၉) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကင်းမော်အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြ ဆရာမ ဒေါ်လှမြင့်တို့အားလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် က စံပြအဆောင်ဆုကို အမျိုးသမီးတပ်ခွဲ(၈) အဆောင်(၃)မှ သင်တန်းသူများအား လည်းကောင်း၊ အမျိုးသားတပ်ခွဲ(၄) အဆောင်(၅)မှ သင်တန်းသားများအားလည်း ကောင်း၊ သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲအလိုက် သင်တန်းသား ခေါင်းဆောင်၊ ဒုတိယခေါင်းဆောင်များမှတစ်ဆင့် သင်တန်းသား၊ သင်တန်းသူ များအားလည်းကောင်း ပေးအပ်သည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများက သာသနာ ရေး၊ ပညာရေးနှင့် လူမှုရေးအလှူငွေ စုစုပေါင်း ငွေကျပ် ၂၆၃၈၀၀ကို ပေးအပ် လှူဒါန်းကြရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သည် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြပါရှိသင့်တဲ့ စီးပွားရေးကဏ္ဍဆိုင်ရာကိစ္စရပ်ခုနစ်ရပ်အား ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ အသေးစိတ်အခြေခံမယ့်မူများအဖြစ် ချမှတ်သင့်

✧ ဥပဒေပြုရေးဆိုင်ရာမှ

၂၀၀၄ခုနှစ်၊ မေလ၁၉ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက "အခုဆက်လက်ပြီး စီးပွားရေးကဏ္ဍကို ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်၊ အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ပေါ်ထွန်းရေးကို ရှေးရှု၍နိုင်ငံတော်က ပြည်သူတို့ရဲ့ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေဖို့ စီးပွားရေးဦးတည်ချက်များချမှတ်ပြီး နှစ်တိုနှစ်ရှည်စီမံကိန်းများဖြင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျ ညှိနှိုင်းပေါင်းစပ်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ စီးပွားရေးဟာ နိုင်ငံရေးနဲ့ လူမှုရေးတို့ကို ချိတ်ဆက်ပေးတဲ့ အဓိကကွင်းဆက်ဖြစ်တာကြောင့် စီးပွားရေးကွင်းဆက်အားကောင်းဖို့လိုအပ်ပါတယ်၊ စီးပွားရေးကွင်းဆက် အားရှိမှသာ နိုင်ငံရေးနဲ့ လူမှုရေးကွင်းဆက်များလည်း ခိုင်ခံ့မှာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်"ဟုလည်းကောင်း၊

"အမျိုးသားညီလာခံကလည်း စီးပွားရေးနဲ့စပ်လျဉ်းပြီး–

(၁) နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်၊
(၂) နိုင်ငံတော်သည် အမျိုးသားစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်၊
(၃) နိုင်ငံတော်သည် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့်ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေလက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှတားဆီးကာကွယ်မည်"

ဟု အခြေခံရမည့်မူများကို ချမှတ်ထားပါကြောင်း။

ဖော်ပြသင့်

ထို့ကြောင့်စီးပွားရေးဆိုင်ရာ ဥပဒေများပြဋ္ဌာန်းခြင်း၊ စီးပွားရေးဆိုင်ရာမူဝါဒများချမှတ်သည့် ဥပဒေများပြဋ္ဌာန်းပေးခြင်းစသည်တို့ကို ဆောင်ရွက်ပေးနိုင်ရန် ယင်းအကြောင်းကိစ္စများကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

ဆက်လက်ပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့်စီးပွားရေးကဏ္ဍပါကိစ္စရပ်များကို စုစည်းတင်ပြရမည်ဆိုပါက

၁။ စီးပွားရေး၊
၂။ ကူးသန်းရောင်းဝယ်ရေး၊
၃။ သမဝါယမ၊
၄။ ကော်ပိုရေးရှင်း၊ ဘုတ်အဖွဲ့၊ လုပ်ငန်း၊ ကုမ္ပဏီ၊ အစုစပ်၊
၅။ သွင်းကုန်၊ ထုတ်ကုန်နှင့် ယင်းကုန်ပစ္စည်းများ၏ အရည်အသွေးသတ်မှတ်ခြင်း၊
၆။ ဟိုတယ်နှင့်တည်းခိုခန်း၊
၇။ ခရီးသွားလာရေးလုပ်ငန်းတို့ဖြစ်ကြောင်း။

ဖော်ပြပါကိစ္စရပ်များကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများချမှတ်သင့်၊ မသင့် ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုနိုင်ကြရန် ရှင်းလင်းတင်ပြအပ်ပါကြောင်း။

စီးပွားရေးကဏ္ဍနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့်ကိစ္စရပ်များကို စုစည်းတင်ပြရမည်ဆိုပါက

၁။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အတွင်းဆောင်ရွက်သည့်စီးပွားရေးကိစ္စများ၊
၂။ ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းဆောင်ရွက်သည့် ကူးသန်းရောင်းဝယ်ရေးကိစ္စများ၊
၃။ ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းဆောင်ရွက်သင့်သည့် သမဝါယမကိစ္စများဖြစ်ကြောင်း။

ထို့ကြောင့်ဖော်ပြပါကိစ္စရပ်များကို တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်ဥပဒေပြုစာရင်းတွင်ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများချမှတ်သင့်၊ မသင့် ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုနိုင်ကြဖို့ရှင်းလင်းတင်ပြအပ်ပါကြောင်းဟု ရှင်းလင်းပြောကြားသွားခဲ့ပါကြောင်း။

မျှတမှုရှိ

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ယင်းရှင်းလင်းချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် နိုင်ငံရေးပါတီခုနစ်ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

"စီးပွားရေးကဏ္ဍတွင်လည်း စီးပွားရေး၊ကူးသန်းရောင်းဝယ်ရေး၊သမဝါယမ၊ ကော်ပိုရေးရှင်း၊ ဘုတ်အဖွဲ့၊ လုပ်ငန်း၊ ကုမ္ပဏီ၊ အစုစပ် စသည့်လုပ်ငန်းများမှာ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ပြည်တွင်း ပြည်ပကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို နိုင်ငံပိုင်၊ သမဝါယမပိုင်နဲ့ ပုဂ္ဂလိကပိုင်ကဏ္ဍများက အသီးသီး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်လျက်ရှိတာကို တွေ့ရပါတယ်၊ နိုင်ငံပိုင်အဖွဲ့အစည်းများအနေနဲ့ ပြည်တွင်းပြည်ပမှလုပ်ငန်းရှင်များကို အစုစပ်လုပ်ငန်းများ၊ ကုမ္ပဏီလီမိတက်များ တည်ထောင်ခွင့်ပြုတာကိုလည်း အားရဖွယ်ရာတွေ့ရပါတယ်၊ ပြည်တွင်းထွက်ကုန်ပစ္စည်းများအနေနဲ့ ဈေးကွက်ပိုမိုရရှိရေးနဲ့ ပို့ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ပြည်တွင်းမှာ ကုန်စည်ပြပွဲများ၊ ဈေးပွဲတော်များ ကျင်းပခြင်းဟာ နိုင်ငံတော်ရဲ့စီးပွားရေးကို တိုးတက်လာစေနိုင်တဲ့အတွက် ပြည်ထောင်စု ဥပဒေပြုစာရင်းအောက်မှာထားရှိခြင်းဟာ လျော်ကန်သင့်မြတ်ပါတယ်၊ ဆက်လက်ပြီး ဝန်ဆောင်မှုလုပ်ငန်းများမှ နိုင်ငံခြားငွေတိုးတက်ရရှိစေဖို့အတွက် ၁၉၉၆ခုနှစ်ကို မြန်မာ့ခရီးသွားနှစ်အဖြစ်သတ်မှတ်ပြီးတဲ့နောက် မြန်မာနိုင်ငံအတွင်းသို့ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်ကြတဲ့အတွက် ကမ္ဘာလှည့်ခရီးသည်များ သက်သောင့်သက်သာအဆင့်အတန်းရှိရှိ တည်းခိုနိုင်ဖို့ အဆင့်မြင့်ဟိုတယ်ကြီးများ ရှိရန်လိုအပ်ပါတယ်။ ဒါကြောင့် ဟိုတယ်နဲ့ခရီးသွားလာရေးလုပ်ငန်းများကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထားရှိခြင်းဟာ သင့်လျော်ကြောင်းတွေ့ရှိရပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်လည်း ပြည်ထောင်စုက ပြဋ္ဌာန်းတဲ့ဥပဒေနဲ့အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ဆောင်ရွက်ရမယ့် စီးပွားရေးကိစ္စများ၊ ကူးသန်းရောင်းဝယ်ရေးကိစ္စများ၊ သမဝါယမကိစ္စများကို ခွဲဝေပေးထားရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဥပဒေပြုစာရင်းမှာ စုစည်းတင်ပြထားတဲ့အတွက် မျှတမှုရှိကြောင်းတွေ့ရပါတယ်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အဆိုပါကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

"စီးပွားရေးကဏ္ဍဆိုင်ရာ ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး၊ သမဝါယမ၊ ကော်ပိုရေးရှင်း၊ ဘုတ်အဖွဲ့၊ လုပ်ငန်း၊ ကုမ္ပဏီ၊ အစုအစပ်၊ သွင်းကုန်၊ ထုတ်ကုန်ပစ္စည်း၏ အရည်အသွေးသတ်မှတ်ခြင်း၊ ဟိုတယ်နှင့်တည်းခိုခန်းနဲ့ ခရီးသွားလာရေးလုပ်ငန်းများကို ပြည်ထောင်စု ဥပဒေပြုစာရင်းတွင်ထည့်သွင်းရန် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါတယ်" ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ချမှတ်သင့်

ယင်းကိုယ်စားလှယ်အစုအဖွဲ့တွင် ပါဝင်သည့် မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့က–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက စီးပွားရေးကဏ္ဍနှင့်စပ်လျဉ်း၍ နိုင်ငံတစ်နိုင်ငံမှာ စီးပွားရေးဟာ နိုင်ငံရေးနဲ့ လူမှုရေးတို့ကို ချိတ်ဆက်ပေးတဲ့ အဓိကကွင်းဆက်ဖြစ်သည့်အတွက် စီးပွားရေးကွင်းဆက်ထားရှိဖို့ လိုအပ်ကြောင်း၊ ဒါမှ နိုင်ငံရေးနဲ့ လူမှုရေးဟာ ခိုင်မာလာမည်ဖြစ်ကြောင်း၊ စီးပွားရေးကဏ္ဍနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ် အခြေခံရမည့် မူခုနစ်ချက်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာဖော်ပြသင့်တဲ့ စီးပွားရေးကဏ္ဍဆိုင်ရာ အချက်သုံးချက်တို့နဲ့ပတ်သက်လို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ စုစည်းတင်ပြချက်ဟာ ဆီလျော်မှုရှိပါ၍ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

> **ပြည်တွင်း ထွက်ကုန်ပစ္စည်းများအနေနဲ့ ဈေးကွက်ပိုမိုရရှိရေးနဲ့ ပို့ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ပြည်တွင်းမှာ ကုန်စည်ပြပွဲများ၊ ဈေးပွဲတော်များ ကျင်းပခြင်းဟာ နိုင်ငံတော်ရဲ့စီးပွားရေးကိုတိုးတက်လာစေနိုင်တဲ့အတွက် ပြည်ထောင်စု ဥပဒေပြု စာရင်းအောက်မှာ ထားရှိခြင်းဟာ လျော်ကန်သင့်မြတ်။**
>
> **ဟိုတယ်နဲ့ခရီးသွားလာရေး လုပ်ငန်းများကိုပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထားရှိခြင်းဟာ သင့်လျော်ကြောင်းတွေ့ရှိရ။**

အဆိုပါကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"စီးပွားရေးကဏ္ဍနဲ့ပတ်သက်ပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သင့်တဲ့အချက်ခုနစ်ချက်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့အချက်သုံးချက် အသီးသီး ကဏ္ဍအလိုက် အဆင့်အလိုက် ဥပဒေပြုဖို့လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းနိုင်ဖို့အတွက် အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်တာဟာ ဆီလျော်သင့်မြတ်ပါကြောင်း ဆွေးနွေးတင်ပြပါတယ်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်အစုအဖွဲ့တွင် ပါဝင်သည့် ပြည်ထောင်စုကရင်အမျိုးသားများ အဖွဲ့ချုပ်က–

"စီးပွားရေးကဏ္ဍနှင့်စပ်လျဉ်းလို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် ကိစ္စခုနစ်ရပ်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ ကိစ္စရပ်သုံးရပ်တို့ကို အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း"ကို ထောက်ခံဆွေးနွေးသွားသည်ကို တွေ့ရှိရပါကြောင်း။

ပေါင်းစပ်ဖော်ဆောင်

အဆိုပါကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီက–

"စီးပွားရေးကဏ္ဍကို ဆက်လက်တင်ပြရမယ်ဆိုလျှင် နိုင်ငံတော်က ပြည်သူတို့ရဲ့ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေဖို့ စီးပွားရေးဦးတည်ချက်များချမှတ်ပြီး နှစ်တိုနှစ်ရှည်စီမံကိန်းများ၊ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျညှိနှိုင်းပေါင်းစပ်ဖော်ဆောင်လျက်ရှိပါတယ်။

စီးပွားရေးဟာ နိုင်ငံရေးနဲ့ လူမှုရေးကို ချိတ်ဆက်ပေးတဲ့ အဓိကကွင်းဆက်ဖြစ်တဲ့အတွက် စီးပွားရေးကွင်းဆက်အားရှိမှသာ နိုင်ငံရေးနဲ့ လူမှုရေးကွင်းဆက်များ ခိုင်မာလာမှာဖြစ်ပါတယ်။

အပြန်အလှန်ကြောင်းကျိုးပြုနေတဲ့ စီးပွားရေး၊ နိုင်ငံရေးနဲ့ လူမှုရေးများကို နိုင်ငံတစ်ဝန်းလုံး ဟန်ချက်ညီညီ တိုးတက်ဖွံ့ဖြိုးစေဖို့ လိုအပ်ပါတယ်။

ဒီလိုနိုင်ငံရေး၊ လူမှုရေးနဲ့ ပြည်သူတစ်ရပ်လုံးရဲ့ လူမှုဘဝတိုးတက်လာစေဖို့ အထောက်အကူဖြစ်စေတဲ့ စီးပွားရေးကဏ္ဍပါ ကိစ္စရပ်များကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးရဲ့ ရှင်းလင်းချက်တွင်ပါရှိချက်အတိုင်း ပြည်ထောင်စုဥပဒေပြုစာရင်းနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ပါကြောင်း တင်ပြအပ်ပါတယ်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အဆိုပါ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် "ဝ" အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက "ယနေ့နိုင်ငံတော်မှာလည်း စီးပွားရေးဦးတည်ချက်၊ စီးပွားရေးမူဝါဒတွေချမှတ်ပြီး နှစ်တိုနှစ်ရှည်စီမံကိန်းများရေးဆွဲကာ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိနေတာကို တွေ့မြင်နေရပါတယ်၊ ပြောင်းလဲလာတဲ့ နိုင်ငံရေးစနစ်နဲ့ လိုက်လျောညီထွေရှိမယ့် ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးလျက်ရှိပါတယ်၊ အဲဒီလို ဆောင်ရွက်ရာမှာ ရှိရင်းစွဲ ဥပဒေများကို ပြန်လည်စိစစ်ပြီး ပြင်ဆင်ဖို့လိုအပ်ပါက ပြင်ဆင်ခြင်း၊ ရုပ်သိမ်းသင့်တဲ့ ဥပဒေများကို ရုပ်သိမ်းခြင်း၊ ပြဋ္ဌာန်းသင့်တဲ့ ဥပဒေများကို ပြဋ္ဌာန်းပေးခြင်းများ ပြုလုပ်ခဲ့တာကို တွေ့ရှိရပါတယ်၊ အမျိုးသား ညီလာခံမှလည်း စီးပွားရေးဆိုင်ရာ အခြေခံရမယ့်မူသုံးရပ်ကို ချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။

လိုက်လျောညီထွေ

လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားတဲ့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြပါရှိသင့်တဲ့ စီးပွားရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်ခုနစ်ရပ်ဟာ နိုင်ငံတော်ရဲ့ ဖြစ်ပေါ်နေတဲ့ ပကတိအခြေအနေနဲ့ လိုက်လျောညီထွေမှုရှိကြောင်း ကျွန်တော်တို့ပါတီအနေနဲ့ သုံးသပ်တွေ့ရှိရပါတယ်။

ဒါကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့တဲ့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြပါရှိသင့်တဲ့ စီးပွားရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်ခုနစ်ရပ်အား ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ စီးပွားရေးစနစ်ကို အကောင်အထည်ဖော် ကျင့်သုံးဆောင်ရွက်ရာမှာ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ တိုးတက်များပြားလာတာနဲ့အမျှ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းများဟာလည်း တိုးတက်လာမှာ ဖြစ်ပါတယ်၊ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများမှာ ပုဂ္ဂလိကအများအပြားက ပါဝင်ဆောင်ရွက်သလို သမဝါယမအသင်းများလည်း ဖွဲ့စည်းပါဝင်ဆောင်ရွက်လျက် ရှိနေကြပါတယ်။ အဆိုပါကိစ္စရပ်တစ်ရပ်နဲ့စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးလိုက်တဲ့ ဥပဒေနဲ့အညီတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် အတွင်းဆောင်ရွက်တဲ့ အဆိုပါကိစ္စရပ်သုံးရပ်အား သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်တွေက ဥပဒေပြဋ္ဌာန်းပေးဖို့ရှိကောင်းရှိနိုင်မှာဖြစ်တယ်လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်ကို မှတ်သားမိပါတယ်။

ဒါကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌရှင်းလင်းပြောကြားခဲ့တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင် ဖော်ပြပါရှိသင့်တဲ့ စီးပွားရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်သုံးရပ်အား ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်" ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်းငါးစောင်အနက်–

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်၊

မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့၏ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် ယင်းတို့၏ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရပါကြောင်း။

တစ်သီးပုဂ္ဂလများ

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ်၊ ရွာငံမြို့နယ်မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းတို့က **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❁

❁ **စာမျက်နှာ ၄ မှ**

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စီးပွားရေးဆိုင်ရာ အခြေခံမူများဟာ ကြောင်းကျိုးဆီလျော်မှုရှိပါသဖြင့် အဆိုပါမူခုနစ်ချက်အား ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ဟုလည်းကောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ ထည့်သွင်းချမှတ်သင့်သည့် စီးပွားရေးဆိုင်ရာကိစ္စရပ်များနဲ့ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်မှာပါဝင်တဲ့ အချက်သုံးချက်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်" ဟု လည်းကောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

အဆိုပါ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်းနှင့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က "စီးပွားရေးကဏ္ဍတွင် ပါဝင်သည့် ကိစ္စရပ်များဖြစ်သည့်

၁။ စီးပွားရေး

၂။ ကူးသန်းရောင်းဝယ်ရေး၊

၃။ သမဝါယမ၊

၄။ ကော်ပိုရေးရှင်း၊ ဘုတ်အဖွဲ့၊ လုပ်ငန်း၊ ကုမ္ပဏီ၊ အစုစပ်၊

၅။ သွင်းကုန်၊ ထုတ်ကုန်နှင့် ယင်းကုန်ပစ္စည်းများ၏ အရည်အသွေးသတ်မှတ်ခြင်းတို့နဲ့ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းချက်စာတမ်းပါ ပြည်ထောင်စုလွှတ်တော်ဥပဒေပြုစာရင်းတွင် ထည့်သွင်းကြောင်းဖော်ပြချက်နှင့်ပတ်သက်၍ သင့်လျော်သည့်အတွက် ဖြည့်စွက်အကြံပြုရန်မရှိပါ"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ဖြည့်စွက်ပေးသင့်

ထို့အပြင်ဖြည့်စွက်အကြံပြုချက်အနေဖြင့်–

"အထက်တွင် ရှင်းလင်းတင်ပြထားတဲ့အတိုင်း တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များတွင် ပြည်တွင်းစားသုံးရန် ဖူလုံနေပြီဖြစ်သောသီးနှံများကို အိမ်နီးနားချင်း နိုင်ငံများမှတင်သွင်းခွင့်မပြုနိုင်ရန် ဥပဒေပြဋ္ဌာန်းဖို့လိုအပ်ပါက ပြဋ္ဌာန်းနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် ဥပဒေပြုစာရင်းတွင် အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ပေးသင့်ကြောင်းအလေးအနက်တင်ပြအကြံပြုအပ်ပါတယ်"ဟု အကြံပြုတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့်တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့က–

"ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ဖော်ပြရန် အချက်ခုနစ်ချက်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရန်အချက်သုံးချက်တို့ကို အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်းအကြံပြုတင်ပြအပ်ပါတယ်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ထောက်ခံတင်ပြ

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့က–

"အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ပေါ်ထွန်းရေးကိုရှေးရှု၍ နိုင်ငံတော်က ပြည်သူတို့ရဲ့ဘဝဖွံ့ဖြိုးတိုးတက်စေဖို့ စီးပွားရေးဦးတည်ချက်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာနိုင်ရေးအတွက် လိုအပ်သည့်ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများနဲ့ အမိန့်ကြော်ငြာစာများကို နိုင်ငံတော်က ထုတ်ပြန်ပေးလျက်ရှိပါတယ်။

ပြဋ္ဌာန်းပေးခြင်းကိစ္စများကို ဆောင်ရွက်ပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း တင်ပြအပ်ပါတယ်။

အခုအခါ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ပြည်တွင်းပြည်ပ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နိုင်ငံပိုင်၊ သမဝါယမပိုင်နဲ့ ပုဂ္ဂလိကပိုင်အခန်းတို့က အသီးသီးကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။ နိုင်ငံတော်စီးပွားရေး လုပ်ငန်းများနဲ့ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများတွင် ပုဂ္ဂလိကအခန်းကဏ္ဍမှသွက်လက်ကျယ်ပြန့်စွာ ပါဝင်လာစေရေးအတွက် နိုင်ငံတော်မှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

အဲဒီလိုဆောင်ရွက်လျက်ရှိတဲ့နည်းတူ နောင်အခါမှာလည်း ပြည်ထောင်စုအဆင့်က လိုအပ်တာတွေကို ဆောင်ရွက်ပေးမှသာ တစ်နိုင်ငံလုံး တစ်ပြေးညီ တိုးတက်ဖွံ့ဖြိုးလာနိုင်မှာဖြစ်ပါတယ်၊ ဒါကြောင့် ကူးသန်းရောင်းဝယ်ရေးနဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း တင်ပြအပ်ပါတယ်။

အခုအခါ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမကဏ္ဍကိုလည်း နည်းလမ်းမျိုးစုံဖြင့် မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတစ်ဝန်းလုံးရှိ သမဝါယမအသင်းများက လုပ်ငန်းများဆောင်ရွက်ရာတွင်လည်းကောင်း၊ သမဝါယမအသင်းအချင်းချင်း ဆက်သွယ်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် လွယ်ကူမှုရှိစေရေးအတွက်လည်းကောင်း၊ ပြည်ပနိုင်ငံများနှင့် လုပ်ငန်း ဆက်သွယ်ရာတွင် လွယ်ကူမှုရှိစေရေးအတွက်လည်းကောင်း လိုအပ်သည့်မူဝါဒများ၊ လမ်းညွှန်မှုများကို ပြည်ထောင်စုအဆင့်ကသာ ဆောင်ရွက်ပေးသင့်ပါတယ်။ ဒါကြောင့် သမဝါယမလုပ်ငန်းများနဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း တင်ပြအပ်ပါတယ်။

တစ်နိုင်တစ်ပိုးစွမ်းဆောင်

နိုင်ငံတော်ဟာ နိုင်ငံတော်ရဲ့ စီးပွားရေးလုပ်ငန်းများနဲ့ ကုန်သွယ်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိကအခန်းကဏ္ဍမှ သွက်လက်ကျယ်ပြန့်စွာ ပါဝင်လာစေ

သွင်းကုန်ထုတ်ကုန်နှင့် ယင်းကုန်ပစ္စည်းများ၏အရည်အသွေးသတ်မှတ်ခြင်းနှင့်စပ်လျဉ်းပြီး လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်

ဟိုတယ်နှင့်တည်းခိုခန်း

ထို့အပြင် ဟိုတယ်နှင့် တည်းခိုခန်းကိစ္စရပ်များနှင့်စပ်လျဉ်းပြီး–

ဟိုတယ်နှင့်တည်းခိုခန်းများဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးအကြံပြုရမယ်ဆိုရင် ဟိုတယ်နှင့်တည်းခိုခန်းများဆိုရာမှာ တည်းခိုမည့် သူများနှင့် တည်းခိုခန်းများဟာ အဆင့်အတန်းအမျိုးမျိုးရှိကြပါတယ်။ နိုင်ငံတော်ကဖိတ်ကြားလို့ လာရောက်တည်းခိုတဲ့ အခြားနိုင်ငံများမှ နိုင်ငံတော်အကြီးအကဲများ၊ နိုင်ငံခြားဧည့်သည်တော်များ၊ ပြည်တွင်းမှကုန်သည်ကြီးများ၊ ခရီးသွားများ၊ ဘုရားဖူးများ၊ ခေတ္တခဏတည်းခိုတဲ့ အရောင်းအဝယ်သမားများ စသဖြင့်ရှိသလို တည်းခိုခန်းများအနေနဲ့လည်း နောက်ဆုံးပေါ်ပစ္စည်းများနည်းပညာသစ်များနှင့် ဆောက်လုပ်ထားတဲ့ ကမ္ဘာ့အဆင့်မီ ကြယ်ငါးပွင့်ရဟိုတယ်ကြီးများ၊ အလတ်တန်းစားမိုတယ်များ၊ အင်း (INN) များ ဒေသထွက်သစ်ဝါးအစရှိတာတွေနဲ့ ဆောက်လုပ်ထားတဲ့ တည်းခိုခန်းများလည်းရှိပါတယ်။

ဒါ့ကြောင့်ကမ္ဘာ့အဆင့်မီဟိုတယ်ကြီးများ၊အလတ်တန်းစားမိုတယ်များ၊ အင်း (INN)များကို စီမံခန့်ခွဲနိုင်ဖို့ လိုအပ်တဲ့ဥပဒေများပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုလွှတ်တော်ဥပဒေပြုစာရင်းမှာ ထည့်သွင်းပေးခြင်းဟာ လျော်ကန်သင့်မြတ်ပါတယ်။ သို့သော်လည်း အသေးစားတည်းခိုခန်းများနဲ့ပတ်သက်လို့ သက်ဆိုင်ရာ ဒေသတွေမှာ မိမိတို့ဒေသနဲ့ကိုက်ညီတဲ့ လုံခြုံရေးကိစ္စ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ရရှိနိုင်မည့် ဆောက်လုပ်ရေးပစ္စည်း၊ လမ်းပန်းအဆက်အသွယ်၊ ဆက်သွယ်ရေးကိရိယာများ ရရှိမှု စတဲ့ တစ်ဒေသနဲ့တစ်ဒေသမတူညီတဲ့ အခြေအနေများပေါ်မူတည်ပြီး စီမံခန့်ခွဲနိုင်ရန်အတွက် လိုအပ်တဲ့ဥပဒေများပြဋ္ဌာန်းပေးရန် အကြံပြုတင်ပြအပ်ပါတယ်။

ခွဲဝေပေးသင့်

ခရီးသွားလာရေးကိစ္စရပ်များနဲ့ပတ်သက်လို့လည်းအထက်ပါဟိုတယ်နှင့်တည်းခိုခန်းများကဲ့သို့ဒေသအလိုက်ကွဲပြားခြားနားမှုတွေရှိနေပါတယ်။ နိုင်ငံခြားတိုင်းပြည်များနှင့် တစ်ပြည်လုံးနဲ့ ဆက်စပ်တဲ့ခရီးသွားလုပ်ငန်းများရှိသလို မိမိတို့သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းအတွင်းမှာပဲ ဆောင်ရွက်နေကြတဲ့ ခရီးသွားလုပ်ငန်းများလည်း ရှိပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ တိုင်းဒေသကြီးပြည်နယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေဟာ မိမိတို့နယ်မြေအတွင်းမှာသာ လုပ်ကိုင်ကြတဲ့ခရီးသွားလာရေးလုပ်ငန်းများနဲ့ ပတ်သက်ပြီး မိမိတို့နယ်မြေရဲ့ လုံခြုံရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေများနဲ့ ကိုက်ညီတဲ့ဥပဒေများပြဋ္ဌာန်းနိုင်ရန်အတွက် ခရီးသွားလာရေးကိစ္စရပ်နဲ့ ပတ်သက်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်များသို့ မိမိတို့တိုင်းဒေသကြီးနဲ့ ပြည်နယ်များအတွင်းမှာလုပ်ကိုင်ကြတဲ့ ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်တဲ့ ဥပဒေပြုခွင့် အာဏာများခွဲဝေပေးသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်က–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက စုစည်းတင်ပြထားသော စီးပွားရေးကဏ္ဍနဲ့စပ်လျဉ်း၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ပါဝင်တဲ့ကိစ္စရပ်များနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ပါဝင်သင့်တဲ့ ကိစ္စရပ်များတို့ဟာ သင့်မြတ်လျော်ကန်ပါသဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ စီးပွားရေးကဏ္ဍပါ ကိစ္စရပ်များဖြစ်တဲ့ အချက်ခုနစ်ချက်နဲ့ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ ဖော်ပြသင့်တဲ့အချက်သုံးချက်တို့ကို အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ကြောင်းထောက်ခံတင်ပြအပ်ပါတယ်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင်သီးခြားအကြံပြုချက်အနေဖြင့်–

"ကမ္ဘာလှည့်ခရီးသည်များစိတ်ဝင်စားနိုင်သည့်နေရာများစွာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အချို့တွင် မြောက်မြားစွာ ရှိနိုင်ပါတယ်။ ကမ္ဘာလှည့်ခရီးသည်များ တည်းခိုသွားလာရေး အဆင်ပြေစေရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နှင့် တည်းခိုခန်း၊ ခရီးသွားလာမှုလုပ်ငန်းတို့ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုးချဲ့ပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

စီးပွားရေးကဏ္ဍနှင့်စပ်လျဉ်း၍ နိုင်ငံတော်ရဲ့စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာမှာ စိုက်ပျိုးရေးကိုအခြေခံပြီး အထူးသဖြင့် တောင်ပေါ်ဒေသများမှာ ရှေးယခင်ကစ၍ ယနေ့အထိ ရွှေ့ပြောင်းတောင်ယာစနစ်ကိုကျင့်သုံးလျက်ရှိရာ တိုးတက်မှုမရှိဘဲ ခေတ်နောက်ကျကျန်ရစ်ခဲ့တာကို တွေ့မြင်နေရပါတယ်။

အကြံပြုတင်ပြ

ဒါကြောင့် ရွှေ့ပြောင်းတောင်ယာစနစ်ကို စွန့်လွှတ်ပြီး ခေတ်မီတောင်စောင်းတောင်ယာစနစ်လုပ်နိုင်စေရန်အတွက် နိုင်ငံတော်က ချမှတ်ထားသော ကုန်းမြင့်လယ်ယာမြေ စီမံကိန်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ လက်ရှိတည်ဆဲဥပဒေများ၊ စည်းကမ်းများကို ယခုထက်ပို၍ တိတိကျကျလိုက်နာဆောင်ရွက်အကောင်အထည်ပေါ်အောင် ကြပ်မတ်ပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ၎င်းအပြင် ခုတ်ထွင်ပြီးသော ရွှေ့ပြောင်းတောင်ယာ ကွက်လပ်များကို ကျေးရွာပိုင် ထင်းစိုက်ခင်းနှင့် နိုင်ငံတော်က ချမှတ်ထားသော ဥပဒေများနှင့်အညီ တစ်နိုင်တစ်ပိုင် စီးပွားဖြစ် သစ်တောစိုက်ခင်းများအဖြစ် ဆောင်ရွက်ခွင့်ပြုသင့်ပါကြောင်း အကြံပြုအပ်ပါတယ်"ဟု အကြံပြုတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က–

"ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ပေါ်လာရေးအတွက် နိုင်ငံတော်အနေနဲ့ မူဝါဒများချမှတ်ပေးခြင်း၊ မြောက်မြားစွာသော စီးပွားရေးနဲ့ တရားဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကိုဟန်ချက်ညီညီ ပြုလုပ်ပေးခဲ့ခြင်းများကို တွေ့ရှိရမှာဖြစ်ပါတယ်။ အချို့စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများဟာ တစ်ကြိမ်တစ်ခါတည်း ပြုပြင်ပြောင်းလဲရုံဖြင့် မလုံလောက်တဲ့အတွက် အချို့ကို အခြားပြောင်းလဲမှုများနဲ့ ဟန်ချက်ညီညီ ပေါင်းစပ်ပြုပြင် ဆောင်ရွက်ပေးနိုင်မှသာ ထိရောက်မှုရှိနိုင်မှာဖြစ်ပါတယ်။

လွှမ်းခြုံဆောင်ရွက်သင့်

အဲဒီလို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ တစ်ပြေးညီ တိုးတက်ဖွံ့ဖြိုးလာစေဖို့ နောင်အခါမှာလည်း ပြည်ထောင်စုအဆင့်ကသာ စီးပွားရေးမူဝါဒများ ချမှတ်ပေးပြီး စီးပွားရေးဆိုင်ရာလိုအပ်တဲ့ ဥပဒေများပြဋ္ဌာန်းပေးခြင်း၊ စီးပွားရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းတို့ကို နိုင်ငံတော်တစ်ဝန်းလုံးအတွက် လွှမ်းခြုံဆောင်ရွက်ပေးသင့်တဲ့အတွက် စီးပွားရေးဆိုင်ရာ ဥပဒေများရေးအတွက် တွန်းအားပေးဆောင်ရွက်လျက် ရှိတဲ့အားလျော်စွာ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းအချို့နဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း ကော်ပိုရေးရှင်းများ၊ ကုမ္ပဏီများ၊ အစုစပ်များဖွဲ့စည်းပြီး ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို မိမိတို့ တစ်နိုင်တစ်ပိုး စွမ်းဆောင်လျက်ရှိကြပါတယ်။ အဲဒီလို စွမ်းဆောင်နိုင်အောင် နိုင်ငံတော်ကလည်း ကော်ပိုရေးရှင်းများ၊ ကုမ္ပဏီများ၊ အစုစပ်များနဲ့ စပ်လျဉ်းတဲ့ လိုအပ်တဲ့ဥပဒေတွေကို ပြဋ္ဌာန်းပေးထားပါတယ်။

နောင်တွင်လည်း ကော်ပိုရေးရှင်းများ၊ ကုမ္ပဏီများ၊ အစုစပ်များ ဖွဲ့စည်းတည်ထောင်ပြီး စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်တဲ့နေရာမှာ စနစ်တကျရှိစေဖို့နဲ့ နိုင်ငံတကာကျင့်စဉ်များနဲ့လည်း ညီညွတ်နိုင်စေဖို့ ကော်ပိုရေးရှင်း၊ ဘုတ်အဖွဲ့၊ လုပ်ငန်း၊ ကုမ္ပဏီ၊ အစုစပ်နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်း ပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ပါကြောင်း တင်ပြအပ်ပါ တယ်။

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်က စီးပွားရေး ဦးတည်ချက်များချမှတ်ပြီး လိုအပ်တာတွေကို ကူညီပံ့ပိုးလျက်ရှိတဲ့အလျောက် ကုန်ပစ္စည်းများထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းစတဲ့ လုပ်ငန်းပမာဏဟာ တဖြည်းဖြည်း တိုးတက်ကြီးမားလာမှာဖြစ်ပါတယ်။ နောင်အခါမှာလည်း ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ကုန်ပစ္စည်းများထုတ်လုပ်ရောင်းချ ဖြန့်ဖြူးခြင်းလုပ်ငန်းများကို နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများကလည်းကောင်း၊ ပုဂ္ဂလိကများကလည်းကောင်း၊ အပြိုင်အဆိုင်ဆောင်ရွက်တဲ့အခါ နိုင်ငံတစ်ဝန်းလုံးရှိ စားသုံးသူများ စိတ်ချယုံကြည်စွာ စားသုံးနိုင်ဖို့အတွက် ကုန်ပစ္စည်းများရဲ့ အရည်အသွေးများ သတ်မှတ်ဖို့လည်း လိုအပ်လာတာကို တွေ့ရှိရတဲ့အတွက် သွင်းကုန်၊ ထုတ်ကုန်နှင့် ယင်းကုန်ပစ္စည်းများ၏ အရည်အသွေး သတ်မှတ်ခြင်းနဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း တင်ပြအပ်ပါတယ်။

ဝန်ဆောင်မှုလုပ်ငန်းများ

ဝန်ဆောင်မှုလုပ်ငန်းများမှ နိုင်ငံခြားငွေ တိုးတက်ရရှိဖို့နဲ့ ဟိုတယ်နှင့်ခရီးသွားလာမှုလုပ်ငန်းများ တိုးတက်လာစေဖို့အတွက် နိုင်ငံပိုင်အခန်းကဏ္ဍမှာသာမက ပုဂ္ဂလိကပိုင်အခန်းကဏ္ဍကပါ ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိတာကို တွေ့ရပါတယ်။ ၁၉၉၆ခုနှစ်ကို မြန်မာ့ခရီးသွားနှစ်အဖြစ် သတ်မှတ်ပြီးတဲ့နောက် မြန်မာနိုင်ငံအတွင်းသို့ လာရောက်ခဲ့တဲ့ ကမ္ဘာလှည့်ခရီးသည်များဟာ တဖြည်းဖြည်း တိုးတက်များပြားလာတဲ့အလျောက် အဆင့်အတန်းရှိရှိ တည်းခိုနေထိုင်သွားလာနိုင်ရေးအတွက် လိုအပ်တာတွေကို ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ နောင်တွင်လည်း ကမ္ဘာလှည့်ခရီးသည်များ သက်သောင့်သက်သာစွာ အဆင့်အတန်းရှိရှိ တည်းခိုနေထိုင်သွားလာနိုင်ရေးအတွက် ဟိုတယ်နှင့် တည်းခိုခန်းများနဲ့စပ်လျဉ်း၍လည်းကောင်း၊ ခရီးသွားလာရေးလုပ်ငန်းများနဲ့စပ်လျဉ်း၍လည်းကောင်း ဥပဒေပြုဖို့လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း တင်ပြအပ်ပါတယ်။

စီးပွားရေးကဏ္ဍအောက်မှာပဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကဲ့ကိစ္စရပ်များကို ဆက်လက်ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလာတာနဲ့အမျှ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာလုပ်ငန်းများဟာ တဖြည်းဖြည်း တိုးတက်များပြားလာတဲ့အလျောက် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✲

အမှန်တရားဖြင့် သိကြားစေ သက်သေညွှန်းလိုက်သည်

မြင့်မြတ်စိုး

ဆိုရေးရှိလာ၍ ဆိုရပါတော့မည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့က ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့သည်။သတင်းစာ ရှင်းလင်းပွဲတွင် သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက **မသမာသူအဖျက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် အပြစ်မဲ့ ကျောင်းသား၊ ပြည်သူများ သေဆုံးဒဏ်ရာရရှိမှု ဖြစ်စဉ်နှင့် အဖျက်အမှောင့်လုပ်ရပ်များကို ကြိုးကိုင်လုပ်ဆောင်နေသော ပြည်တွင်း၊ ပြည်ပ အဖျက်သမားအဖွဲ့များ၏ လှုပ်ရှားဆောင်ရွက်မှုများ** နှင့် စပ်လျဉ်းပြီး ရှင်းလင်းခဲ့သည်။

ယင်းရှင်းလင်းချက်များကို လေ့လာပါလျှင်**နိုင်ငံမတည်မငြိမ်ဖြစ်စေရန်နှင့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများအားပျက်ပြားစေရန် ရည်ရွယ်ပြီး အကြမ်းဖက်အဖျက်လုပ်ငန်းများကို NCGUB, NLD (LA), ABSDF၊ စွမ်းအားမြင့် မြန်မာကျောင်းသားစစ်သည်များအဖွဲ့အပါအဝင် အခြားသောအဖျက်သမားများက ပူးပေါင်းကြံစည်လုပ်ဆောင်ခြင်းနှင့်အတူ ပြည်တွင်းမှ နိုင်ငံရေးပါတီအချို့ကလည်း အကြမ်းဖက် အဖျက်သမားများနှင့် ဆက်စပ်ပတ်သက်မှုများ၊ ဆက်သွယ်ဆက်ဆံမှုများရှိနေသည်**မှာ ထင်ရှားလျက်ရှိသည်။

ဤတွင် သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းချက်များကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့ထုတ် သတင်းစာများတွင် အကျယ်တဝင့် ဖော်ပြခဲ့ပြီး ဖြစ်၍ လိုရင်းသဘောလောက်မျှပင် ကောက်နုတ်ဖော်ပြပါမည်။

ယင်းရှင်းလင်းချက်များတွင် ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)လက်ကျန်အဖွဲ့သည် ၂၀၀၄ ခုနှစ်အတွင်း မြေအောက်လှုပ်ရှားမှုများကို တိုးမြှင့်လုပ်ဆောင်လာသည့်အနေဖြင့် ဆန့်ကျင်လှုံ့ဆော်စာများကို ပြည်တွင်းမှ အဖျက်သမားများနှင့် ဆက်သွယ်ပြီး ပြည်သူလူထုအတွင်း ဖြန့်ဝေရန်စီစဉ်နေသည်ကို သက်ဆိုင်ရာလုံခြုံရေးအဖွဲ့ဝင်များက ဖော်ထုတ်နိုင်ခဲ့ကြောင်း၊ ယင်းအပြင်တစ်ဖက်နိုင်ငံရှိ နို့ဘိုးဒုက္ခသည်စခန်းတွင် အဖျက်သမားအဖွဲ့တစ်ဖွဲ့မှ ဗိုလ်မှူးအဆင့်ရှိသူ မိုးသူ သင်ကြားလေ့ကျင့်ပေးနေသော ဖောက်ခွဲဖျက်ဆီးရေးသင်တန်းကို ABSDF အဖွဲ့ဝင်သင်တန်းသား ၁၅ ဦး တက်ရောက်ခဲ့ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းတံတားများ၊ လေယာဉ်ကွင်းများနှင့် ဆည်မြောင်း တာတမံများကို ပစ်မှတ်အဖြစ် ဖောက်ခွဲဖျက်ဆီးရန် NCGUB မှ ပြည်ပြေးစိန်ဝင်း ကွပ်ကဲသော ပြည်သစ်ညွှန့်ဝေ (ခေါ်) မောင်မောင်၊ လူ့ဘောင်သစ်အဖွဲ့မှ အောင်မိုးဇော်၊ NLD(LA)မှ တင်ဦး၊ လွမ်းနီနှင့် ABSDF မှ ကိုကိုနိုင်တို့ ပါဝင်သည့်အဖွဲ့က စီမံချက်ရေးဆွဲဆောင်ရွက်ကြမည်ဟု သတင်းရရှိခဲ့ကြောင်း။

ယင်းသတင်းနှင့် ဆက်စပ်သော ဖြစ်စဉ်များမှာ ၂၀၀၄ ခုနှစ် ဇွန်လ ၂၆ ရက် နံနက် ၃ နာရီခွဲ မှ ၄ နာရီမထိုးမီ အချိန်ပိုင်းအတွင်း ပန်းဆိုးတန်းခုံးကျော်တံတားအဆင်း ဘူတာကြီးသွားရာလူသွားလမ်း ပလက်ဖောင်းအနီးတွင်လည်းကောင်း၊ ရန်ကုန်ဘူတာကြီး အထက်တန်းဝင်ပေါက်ရှေ့ပန်းခြံအတွင်းတွင်လည်းကောင်း၊ ရန်ကုန်ဘူတာကြီး လူသွားစင်္ကြံဝဲဘက်အခြမ်းတွင်လည်းကောင်း၊ အသံမိုင်း (စိန်ရောင်ခြည်)ဟု ယူဆရသည့် မိုင်းသုံးလုံး ပေါက်ကွဲခဲ့ကြောင်း၊ ယင်းပေါက်ကွဲမှုနှင့်ပတ်သက်ပြီး စိစစ်ဖော်ထုတ်ရာတွင် အခြေအနေမဲ့ အမျိုးသမီးတစ်ဦးဖြစ်သူ မာမာလွင်အား ဝင်းနိုင်(ခေါ်) ဇော်ဝင်းဆိုသူအပါအဝင် အခြားတစ်ဦးတို့က ငွေပေးဖြားယောင်းပြီး စေခိုင်းခဲ့ခြင်းဖြစ်သည်ကို ဖော်ထုတ်သိရှိရကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အလားတူပင် တစ်ဖက်နိုင်ငံတွင် အခြေပြုထားသော နိုင်ငံရေးအန်တုမှုကော်မတီ (Political Defiance Committee) PDCက ရဲမြင့်နှင့် လှခိုင်ဆိုသူနှစ်ဦးကို ပြည်တွင်း၌ အဖျက်အမှောင့်နှင့် ဖောက်ခွဲရေးလုပ်ငန်းများလုပ်ရန် ၂၀၀၄ ခုနှစ် စက်တင်ဘာလအတွင်းက စေလွှတ်ခဲ့ပြီး တစ်ဖက်နိုင်ငံ လွတ်မြောက်နယ်မြေရှိ အဖျက်သမားအဖွဲ့တစ်ဖွဲ့ကလည်း လူ့ဘောင်သစ်အဖွဲ့ကို ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့၌ ခေတ်မီမိုင်း ၁၀ လုံးပေးအပ်၍ ကရင်ပြည်နယ်အတွင်း ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများလုပ်ရန် ထိန်လင်းနှင့် မြင့်ခိုင်ဆိုသူတို့ကို စေလွှတ်ခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ် အောက်တိုဘာလကုန်ရက်အတွင်းမှာလည်း NLD(LA)မှ အောင်သန်းဦးအပါအဝင် ငါးဦးက ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံနှင့် တပ်မတော်နေ့အခမ်းအနားများကို ဖောက်ခွဲဖျက်ဆီးရန် ပြည်တွင်းသို့ ဝင်ရောက်လာသကဲ့သို့ မဲဆောက်မြို့ရှိ ဘီဘီစီသတင်းထောက်ဝင်းမြင့်နေအိမ်သို့ ABSDF ရင်း(၂၀၂)မှ တင်အောင်ဖုန်းလာရောက်ပြီး အမေရိကန်နိုင်ငံလုပ် ချိန်ကိုက်မိုင်းဗုံးသုံးလုံးပေး၍ ရန်ကုန်သို့ ပေးပို့ရန်အတွက် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် စီစဉ်ခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီးက ဆက်လက်ရှင်းလင်းပြောကြားခဲ့သည်။

တစ်ဆက်တည်းမှာပင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့ကလည်း ABSDF မှ နိုင်အောင်လင်းက ထိုင်းနိုင်ငံ ရဟိုင်းမှ မဲဆောက်ရှိ သက်န်းဝတ်လေးဦးကို ဓာတ်ခဲပါကင်အရွယ် စက္ကူဖြာတစ်လုံး ပေးပို့ခဲ့ပြီး သက်န်းဝတ်လေးဦးက မဲဆောက်မှတစ်ဆင့် ပြည်တွင်းသို့ဝင်ရောက်၍ ဆူပူဆန္ဒပြရန်နှင့် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများလုပ်ရန် စီစဉ်နေကြောင်း၊ ယင်းအပြင် ထိုင်းနိုင်ငံ မဲဆောက်မြို့ တောင်ဘက်ခြမ်း ကျောက်ခက်ကျေးရွာအနီးတွင် အမေရိကန်နိုင်ငံသားနှစ်ဦး လေ့ကျင့်သင်ကြားပေးနေသော အထူးစစ်ရေးနှင့် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှစပြီး ဖွင့်လှစ်သင်ကြားလေ့ကျင့်နေသကဲ့သို့ တစ်ဖက်နိုင်ငံတွင် NCGUB (ခေါ်) ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရအမည်ခံ အဖျက်သမားအဖွဲ့မှ မောင်မောင်လတ်၊ ပြည်သစ်ညွှန့်ဝေ(ခေါ်) မောင်မောင်၊ ABSDFအဖွဲ့မှ မင်းသူနှင့် အပေါင်းပါ ငါးဦးတို့ လျှို့ဝှက်အစည်းအဝေးပြုလုပ်ပြီး ပြည်တွင်းသို့ ဖောက်ခွဲဖျက်ဆီးရေးအဖွဲ့နှစ်ဖွဲ့ စေလွှတ်ရန်ဆုံးဖြတ်ခဲ့ကြောင်း။

NLD(LA)မှ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် NLD ရွေးချယ်ခံ ကိုယ်စားလှယ်၏သားဖြစ်သူ ငြိမ်းချမ်းနှင့်အတူ ညီအစ်ကိုဝမ်းကွဲတော်စပ်သူ အောင်သန်းဦးအပါအဝင် စောလဘွဲ့ဆိုသူတို့သုံးဦးကို ၂၀၀၄ ခုနှစ် အောက်တိုဘာလမတိုင်မီက ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများလုပ်ရန် ပြည်တွင်းသို့ စေလွှတ်ထားကြောင်း၊ ၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့က မဲဆောက်မြို့ NLD(LA)ရုံးတွင် နိုင်ငံခြားသားနှစ်ဦးအပါအဝင် NLD(LA)၊ လူ့ဘောင်သစ်ပါတီ၊ ABSDF နှင့် အခြားအဖျက်သမားအဖွဲ့များမှ စုစုပေါင်း အဖွဲ့ဝင် ၇၀ တက်ရောက်သည့်အစည်းအဝေးပြုလုပ်၍ ပြည်တွင်းရှိ နိုင်ငံရေးပါတီအချို့နှင့် ဆက်သွယ်ပြီး ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများလုပ်ရန်နှင့် ယင်းဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများကို လုပ်ရန်အတွက် ၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့မှစတင်၍ ဖောက်ခွဲရေးသမားနှစ်ဦးအပါအဝင် အဖွဲ့ဝင်ငါးဦးကို မော်လမြိုင်၊ ဘားအံ၊ ကျိုက်ထိုမြို့များမှာ လှုပ်ရှားရန်စီစဉ်ခဲ့ကြောင်း။

ယင်းအစီအစဉ်များနှင့်အတူ NCUB အဖွဲ့အတွင်းရေးမှူး ပြည်သစ်ညွှန့်ဝေ(ခေါ်)မောင်မောင်ကလည်း နိုင်ငံရေး တိုက်ကွက်ဖော်ရန်အတွက် ယင်းတို့အား ထောက်ခံနေသည့် ပြည်ပနိုင်ငံအချို့တွင် ဒေါ်လာငွေ ထောက်ပံ့မှုရရှိအောင် လှည့်လည်တောင်းခံ၍ ယင်းဒေါ်လာ ထောက်ပံ့ငွေများဖြင့် နိုင်ငံရေးတိုက်ကွက်ကို အထောက်အကူပြုမည့် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများနှင့် အခြားအဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဤသို့အားဖြင့် ယင်းဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်း အစီအစဉ်များနှင့်အတူ ဖြစ်ပွားခဲ့သော ၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့က ကရင်ပြည်နယ် ခင်နိမ်းမူ ပူးပေါင်းစစ်ဆေးရေး ဂိတ်အနီးတွင် ချိန်ကိုက်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ခြင်းသည် လည်းကောင်း၊ ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ်(၃၆၇)ရှိ ဇော်ဂျီဟောက်စ် စားသောက်ဆိုင်အတွင်း မိုင်းပေါက်ကွဲခဲ့ခြင်းသည်လည်းကောင်း၊ ဒီဇင်ဘာလ ၁၄ ရက်နေ့က ကရင်ပြည်နယ် ဘားအံမြို့ မျောက်မင်းအားကစားအရောင်းဆိုင်အတွင်း မိုင်းပေါက်ကွဲခဲ့ခြင်းသည် လည်းကောင်း ပြည်ပရှိ NCGUBအဖွဲ့၊ ABSDFအဖွဲ့၊ လူ့ဘောင်သစ်အဖွဲ့၊ NLD(LA)အဖွဲ့၊ စွမ်းအားမြင့်ကျောင်းသားစစ်သည်များအဖွဲ့ အပါအဝင် အကြမ်းဖက်အဖျက်သမားများနှင့် ပြည်တွင်းရှိ အဖျက်သမားအချို့တို့၏ ပူးပေါင်းကြံစည်ဆက်သွယ် ဆက်စပ်ပတ်သက်နေသည့် အကြမ်းဖက်အဖျက်လုပ်ငန်းများ ဖြစ်နေကြောင်းစသဖြင့် အထောက်အထားသက်သေများနှင့်အတူ သတင်းစာရှင်းလင်းပွဲတွင် သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးက အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်ကို လေ့လာမှတ်သားခဲ့ရသည်။

သို့သော်လည်း NCGUB မှပြည်ပြေးစိန်ဝင်း၊ NLD(LA)မှမြင့်သိန်းနှင့် ABSDF မှကျော်ကိုတို့က ယင်းသတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းခဲ့သော ရှင်းလင်းချက်များမှာ သက်သေမရှိဘဲလုပ်ကြံပြောဆိုခြင်းဖြစ်ကြောင်း၊ ယင်းတို့၏ အဖွဲ့အစည်းများအနေဖြင့် အကြမ်းမဖက်သောနည်းကိုသာ လက်ခံပြီး ဗုံးဖောက်ခွဲသောနည်းကို ဆန့်ကျင်ကြောင်း၊ မည်သည့်အခါကမျှလည်း မလုပ်ခဲ့ကြောင်း၊ ဗုံးဖောက်ခွဲမှုများနှင့် လုံးဝပတ်သက်ဆက်စပ်မှုမရှိခဲ့ကြောင်း၊ သတင်းစာရှင်းလင်းပွဲတွင် ဖော်ပြခဲ့သည့် လူအမည်တွေနှင့် အချက်အလက်တွေလည်း မှားယွင်းနေကြောင်း စသည်ဖြင့် တစ်ဖက်က နိုင်ငံတော်အစိုးရကို လုပ်ကြံပုတ်ခတ်စွပ်စွဲပြီး တစ်ဖက်က ယုတ္တိမဲ့စွာငြင်းကွယ်ထားသည့် ဖြေရှင်းချက်များကို ဗွီအိုအေအသံလွှင့်ဌာနက ထုတ်လွှင့်ပေးခဲ့သည်။

စစ်စင် ယင်းတို့၏ ငြင်းကွယ်ချေပမှုနှင့် လုပ်ကြံစွပ်စွဲပုတ်ခတ်မှုများသည် မိုးကြိုးပစ်ရာကို ထန်းလက်နှင့်ကာနေခြင်းဖြစ်သကဲ့သို့ ပြည်ပြေးစိန်ဝင်းနှင့် အပေါင်းပါ ပြည်ပအဖျက်သမားများ၏ ထုံးတမ်းစဉ်လာမပျက်သည့် အကြောင်းပြချက် ဆင်ခြေဆင်လက်များပင် ဖြစ်သည်။

ဆိုရလျှင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ အခြေခံအကျဆုံးဖြစ်သော လက်ငင်းနိုင်ငံရေးပြဿနာလည်းဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် တရားဝင်နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်များနှင့် ရွေးချယ်ခံကိုယ်စားလှယ်များအပါအဝင် လူထုလူတန်းစားကိုယ်စားလှယ်များ၊ အလွှာလိုက်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးရယူထားသည့် တိုင်းရင်းသားအဖွဲ့ အစည်းများ၊ ဖိတ်ကြားသင့်သော နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ တရားရေးဆိုင်ရာ အတွေ့အကြုံရင့်ကျက်ကျွမ်းကျင်သူပုဂ္ဂိုလ်များအပါအဝင် တက်ရောက်ဆွေးနွေးနေသော တစ်မျိုးသားလုံးဆိုင်ရာ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုအဖြစ် အမျိုးသားနိုင်ငံရေးအနှစ်သာရနှင့် အဓိပ္ပာယ်အပြည့်အဝ ဆောင်ယူထားသည့် အမျိုးသားညီလာခံကို ကျင်းပပေးလျက်ရှိသည်။

မည်သည့်အစွဲအလမ်းနှင့် ပယောဂမဖက်ဘဲ ပြောကြစတမ်းဆိုပါက အမျိုးသားညီလာခံသည် လက်ငင်းနိုင်ငံရေးပြဿနာကို တစ်မျိုးသားလုံး၏ ဒီမိုကရေစီပိုင်ခွင့်ဖြစ်သည့် နိုင်ငံရေးနည်းဖြင့် ဖြေရှင်းခြင်းဖြစ်သကဲ့သို့ အလုံးစုံသော တွေ့ဆုံဆွေးနွေးရေးတို့၏ ဗဟိုချက်မလည်းဖြစ်သည်မှာ ငြင်းပယ်၍မရနိုင်သော ခေတ်သစ်နိုင်ငံရေးသိပ္ပံပညာ၏ စံနှုန်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် မျက်မှောက်ခေတ်က ရွေးချယ်ပြဋ္ဌာန်းပေးထားသည့် ကျယ်ဝန်းသိမ်မွေ့သော၊ လက်တွေ့လည်းကျသော ဒီမိုကရေစီကျင့်စဉ်ပင် ဖြစ်သည်။ တစ်နိုင်ငံလုံးဆိုင်ရာ၊ တစ်မျိုးသားလုံးဆိုင်ရာ နိုင်ငံရေးပြဿနာကို တစ်မျိုးသားလုံးဆိုင်ရာ ဒီမိုကရေစီပိုင်ခွင့်ကို အသိအမှတ်မပြုဘဲ တစ်ပါတီ၊ တစ်အုပ်စု၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် အပြီးအပိုင်ဖြေရှင်းနိုင်မည်ဟူသော အယူအဆ၊ ရပ်တည်ချက်သည် နိုင်ငံတော်၏ ပကတိအခြေအနေအရ လိုက်လျောညီထွေမရှိသည့်အပြင် လက်တွေ့လည်းမကျသော နိုင်ငံရေးစိတ္တဇရောဂါပင်ဖြစ်သည်။

ထို့ကြောင့်ပင် ပြည်ပြေးစိန်ဝင်းနှင့် အပေါင်းပါ အဖျက်သမားများက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းဘဲ ရှောင်လွှဲနေသည်ဟူသော အကြောင်းပြစွပ်စွဲချက်မှာ အဓိပ္ပာယ်မဲ့၊ ယုတ္တိမဲ့ လုပ်ကြံစွပ်စွဲချက်ဖြစ်ကြောင်း သိသာထင်ရှားနေပြီးဖြစ်သည်။ ထို့အပြင် ၎င်းတို့၏ တောင်းဆိုချက်မှာ ကျဉ်းမြောင်းသော တစ်ပါတီ၊ တစ်အုပ်စု၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက်ဖြစ်ပြီး ယင်းတောင်းဆိုမှုကို နိုင်ငံတော်အစိုးရက ရှောင်လွှဲနေ၍ ဗုံးပေါက်ကွဲမှုတွေဖြစ်နေသည်ဟု ရှင်းလင်းထားသည့်အတွက် ဗုံးပေါက်ကွဲမှု၏ လက်သည်တရားခံမှာ ၎င်းအချက်ကို တောင်းဆိုနေကြသော ပြည်ပြေးစိန်ဝင်းနှင့် အပေါင်းပါအကြမ်းဖက်အဖျက်သမားများသာဖြစ်သည်ဟု ယုတ္တိဗေဒအရ အထောက်အထား ဖြစ်လာခဲ့သည်။ တစ်ဆက်တည်းမှာပင် ပြည်ပြေးစိန်ဝင်းနှင့် အပေါင်းပါ ပြည်တွင်း၊ပြည်ပ အဖျက်သမားများ၏ ဒီမိုကရေစီဖြစ်ထွန်းရေးဆိုသည်မှာလည်း ပြည်သူ တစ်ရပ်လုံး၊ တစ်မျိုးသားလုံးဆိုင်ရာ အာဏာပိုင်စိုးရေး ဒီမိုကရေစီမဟုတ်ဘဲ တစ်ပါတီ၊ တစ်အုပ်စု၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အာဏာပိုင်စိုးရေး ဒီမိုကရေစီဖြစ်ကြောင်း ပိုမိုပေါ်လွင်ထင်ရှားလာခဲ့သည်။

တစ်ဆက်တည်းမှာပင် ABSDFအဖွဲ့ကလည်း သတင်းစာရှင်းလင်းပွဲမှ ရှင်းလင်းချက်များသည် လူအမည်များလွဲမှားပြီး အချက်အလက်တွေ ကွဲလွဲနေသည်ဟု မရေမရာသော ငြင်းကွယ်မှုမှာ အဓိပ္ပာယ်သဘောအရ ABSDFအဖွဲ့က မြန်မာနိုင်ငံအတွင်း ဗုံးဖောက်ခွဲသော အကြမ်းဖက်အဖျက်လုပ်ငန်းများ လုပ်ဆောင်ကျူးလွန်ရာတွင် ပါဝင်ကျူးလွန်သူများမှာ သတင်းစာရှင်းလင်းပွဲ၏ ရှင်းလင်းချက်ပါ အဖွဲ့ဝင်များ မဟုတ်ဘဲ ABSDF အဖွဲ့မှ အခြားအဖွဲ့ဝင်များ ဖြစ်ပြီး စီစဉ်ဆောင်ရွက်ရာမှာလည်း သတင်းစာရှင်းလင်းပွဲ၏ ရှင်းလင်းချက်အတိုင်းမဟုတ်ဘဲ အခြားနည်းလမ်းများဖြင့် စီစဉ်ဆောင်ရွက်ခဲ့သည်ဟူ၍ အလိုအလျောက် ဝန်ခံသကဲ့သို့ ဖြစ်နေသည်။

မည်သို့ပင် ငြင်းပယ်ချေပစေကာမူ အဖွဲ့အစည်းတစ်ဖွဲ့၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အတိတ်မှ အစဉ်အလာသည် ပစ္စုပ္ပန်ဘဝတွင် တစ်နည်းမဟုတ် တစ်နည်း ထင်ဟပ်ဖြစ်တည် ရှင်သန်နေတတ်သည့် သဘောရှိရာ ပြည်ပြေးစိန်ဝင်းခေါင်းဆောင်သော ပြည်ပအဖျက်သမားများ၏ အကြမ်းဖက်အဖျက်လုပ်ငန်းများ၊ ဗုံးဖောက်ခွဲမှုများကို မည်သည့်ကာလ၊ မည်သည့်ဒေသတွင် မည်မျှအတိုင်းအတာအထိ ကျူးလွန်ခဲ့သည်ဟူသော အတိတ်ဖြစ်စဉ်များမှ အချို့ကိုအကျဉ်းမျှ ကောက်နုတ်ဖော်ပြခြင်းဖြင့် ယင်းတို့၏ အကြမ်းဖက်အဖျက်သမားစရိုက်နှင့် အစဉ်အလာကို သိသာထင်ရှားစေမည်ဖြစ်သည်။

ယင်းအကြမ်းဖက် အဖျက်လုပ်ငန်းများအနက် ရက်စက်မှုအပေါင်းတွင် သရဖူဆောင်းခဲ့သော အကြမ်းဖက် အဖျက်လုပ်ငန်းတစ်ခုမှာ ၁၉၉၆ ခုနှစ်ဒီဇင်ဘာ ၂၅ရက်နေ့က မြန်မာဗုဒ္ဓဘာသာဝင် တိုင်းရင်းသားပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင်လာသော ဗုဒ္ဓမြတ်စွယ်တော်များ ကိန်းဝပ်အပူဇော်ခံနေသည့် ကမ္ဘာအေးမဟာပါသာဏလိုဏ်ဂူတော်ထဲတွင် ပြည်ပြေးစိန်ဝင်း၏ လက်ရင်းတပည့် အပေါင်းပါများဖြစ်ကြသော ABSDF နှင့်အခြားအဖျက်သမားအဖွဲ့တို့က ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအကြား ချိန်ကိုက်ဗုံးထောင်ပြီး ဖောက်ခွဲခဲ့ခြင်းဖြင့် ဘုရားဖူးပြည်သူ ငါးဦးသေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိခဲ့ခြင်းပင်ဖြစ်သည်။

အလားတူ ၁၉၉၇ ခုနှစ် ဇွန်လအတွင်းကလည်း ပြည်ပြေးစိန်ဝင်းအုပ်စု၏ တာဝန်ပေးစေခိုင်းချက်အရ ပြည်သစ်ညွှန့်ဝေမှတစ်ဆင့် မျိုးအောင်သန့်ထံ ဆက်သွယ်ပြီး ဖောက်ခွဲရေးနှင့် အဖျက်လုပ်ငန်းများကို လုပ်ဆောင်ရန် ပစ်မှတ်အဖြစ် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် အင်ဒိုနီးရှားသံရုံးများကိုလည်းကောင်း၊ ရန်ကုန်မြို့လယ်ရှိ လျှပ်စစ်ဓာတ်အားလိုင်းများ၊ တယ်လီဖုန်းလိုင်းများအားလည်းကောင်း ရွေးချယ်သတ်မှတ်၍ ဖောက်ခွဲဖျက်ဆီးရန်နှင့် ဆက်သွယ်ရေးလမ်းကြောင်းများ ဖြတ်တောက်ရန် စီစဉ်ညွှန်ကြားခဲ့သည်။ ယင်းနောက် မျိုးအောင်သန့်သည် ၁၉၉၇ ခုနှစ် ဇွန်လ ၁၃ ရက်နေ့တွင် ဗန်ကောက်မှတစ်ဆင့် ရန်ကုန်ကို TG-303 လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိခဲ့ရာ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများက မျိုးအောင်သန့်နှင့်အတူ မှုခင်းနှင့် ဆက်နွှယ်သူများကိုပါ အချိန်မီ ထိန်းသိမ်းနိုင်ခဲ့သည်။ ယင်းဖြစ်စဉ်အရ ပြည်ပြေးစိန်ဝင်းနှင့် ပြည်တွင်းမှ ၎င်းတို့အုပ်စုပူးပေါင်းပြီး အကြမ်းဖက်ဖောက်ခွဲ ဖျက်ဆီးမှုလုပ်ဆောင်မည့် အစီအစဉ်များကို အချိန်မီ တားဆီးနိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

ထို့အတူပင် ၁၉၈၉ ခုနှစ်အတွင်းကလည်း ABSDFနှင့် DAB စသော ပြည်ပြေးအဖျက်သမားများသည် သန်လျင်ရေနံချက်စက်ရုံနှင့် ရန်ကုန်မြို့တော်ခန်းမကို ဖောက်ခွဲဖျက်ဆီးခဲ့ခြင်း၊ ၁၉၈၉ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် မြိတ်–ရန်ကုန်ခရီးစဉ် ပျံသန်းလာသော ခရီးသည်နှင့်လေယာဉ်အမှုထမ်း ၈၅ ဦးပါ မြန်မာ့လေကြောင်းပိုင် F-28အမျိုးအစား၊ လေယာဉ်အမှတ် XY-ADWကို ABSDFအဖွဲ့မှ ရဲရင့်(ခေါ်) သန်းစိုး (ခေါ်) သစ်လွင်နှင့် သီဟ (ခေါ်) စန်းနိုင်(ခေါ်) မောင်စန်းတို့က လက်ပစ်ဗုံးဖြင့် ခြိမ်းခြောက်ပြီး ထိုင်းနိုင်ငံထဲတွင် လေယာဉ်ကို ဆင်းခိုင်းခဲ့ခြင်းတို့ဖြင့် အကြမ်းဖက်လုပ်ရပ်များကို ပြောင်ပြောင်တင်းတင်း ကျူးလွန်ခဲ့ကြသည်။

ယင်းနောက် ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ထိုင်းနိုင်ငံဒွန်မောင်းလေဆိပ်မှ ပျံသန်းလာသော Air Bus အမျိုးအစား လေယာဉ်ခရီးစဉ်အမှတ် TG-305 ကို မြန်မာ့လေပိုင်နက်ထဲသို့ ရောက်လာသည်နှင့် ABSDF အဖွဲ့မှ ရဲမာန်(ခေါ်) စိုးမြင့်နှင့် ရဲတင်(ခေါ်) ကျော်ဇေယျတို့က လက်ပစ်ဗုံးဖြင့် ခြိမ်းခြောက်ပြန်ပေးဆွဲပြီး လေယာဉ်ကို အိန္ဒိယနိုင်ငံ ကာလကတ္တားသို့ အပိုင်စီးခေါ်ဆောင်သွားခဲ့သည်။

အလားတူ ၁၉၉၉ ခုနှစ်ကလည်း ထိုင်းနိုင်ငံရှိ မြန်မာသံရုံးကို ABSDF နှင့် စွမ်းအားမြင့်ကျောင်းသားများအမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ကြပြီး ဆက်လက်၍လည်း ထိုင်းနိုင်ငံ ရာချ်ဘူရီဆေးရုံကို အကြမ်းဖက် ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ကြသည်။

ဤသို့လျှင် ပြည်ပြေးစိန်ဝင်းခေါင်းဆောင်သော ပြည်ပရှိ အကြမ်းဖက်အဖျက်သမားများသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖြစ်ထွန်းရေးကြွေးကြော်သံကို ကြွေးကြော်ပြီး မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် အကြမ်းဖက်အဖျက်လုပ်ရပ်များ ကျူးလွန်ခဲ့၊ ကျူးလွန်ဆဲအခြေအနေများကို မျက်ဝါးထင်ထင်တွေ့ခဲ့ရ၊ မြင်ခဲ့ရ၊ ကြားခဲ့ရပြီးဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့နှင့် ၂၀၀၅ ခုနှစ်ဖေဖော်ဝါရီလ ၁ ရက်နေ့တို့တွင် ကျင်းပခဲ့သော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲသည် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ တောင်းဆိုနေသော ဒီမိုကရေစီရေး၊ တွေ့ဆုံဆွေးနွေးရေးတို့၏ အတွင်းသရုပ်ဖြစ်သည့် အကြမ်းဖက်အဖျက်လုပ်ရပ်များကို ဖော်ထုတ်ဖွင့်ချလိုက်ခြင်းပင် ဖြစ်ကြောင်း **အမှန်တရားဖြင့် သိကြားစေ သက်သေညွှန်းလိုက်သည်** ဟု ရဲရဲဆိုလိုက်ပါတော့သည်။ ။

✲ စာမျက်နှာ ၅ မှ

အဲဒီလုပ်ငန်းများမှာ ပုဂ္ဂလိကအများအပြားက ပါဝင်ဆောင်ရွက်လာတာကို တွေ့ရပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး တိုးတက်ဖြစ်ထွန်းလာတာနဲ့အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများဟာလည်း တိုးတက်များပြားလာမှာ ဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်းလုံး လိုက်နာကျင့်သုံးရမယ့် စီးပွားရေး သို့မဟုတ် ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာ ဥပဒေတွေကို ပြည်ထောင်စုလွှတ်တော်က လိုအပ်သလိုပြဋ္ဌာန်းပေးသွားမှာဖြစ်ပြီး အဲဒီလို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးလိုက်တဲ့ ဥပဒေနဲ့အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်တဲ့ စီးပွားရေး ဒါမှမဟုတ် ကူးသန်းရောင်းဝယ်ရေး ကိစ္စများနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွေက ဥပဒေပြဋ္ဌာန်းပေးဖို့ ရှိကောင်း ရှိနိုင်မှာဖြစ်ပါတယ်။

ဖော်ပြသင့်

ဒါကြောင့် ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်သည့် စီးပွားရေးကိစ္စများနဲ့ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် ကူးသန်းရောင်းဝယ်ရေးကိစ္စများနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း တင်ပြအပ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်က တစ်ပြည်လုံးအတိုင်းအတာနဲ့ လိုအပ်မယ့်ဥပဒေတွေကို ပြဋ္ဌာန်းပေးမှာဖြစ်သော်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက်ဆောင်ရွက်မယ့် သမဝါယမလုပ်ငန်းများနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွေက မိမိတို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း လိုက်နာကျင့်သုံးရမယ့် ဥပဒေများ ပြုဖို့လိုအပ်လာရင် ဥပဒေများပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် သမဝါယမကိစ္စများဆိုင်ရာကိစ္စများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း တင်ပြအပ်ပါတယ်”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ချမှတ်သင့်

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က–

“စီးပွားရေးကဏ္ဍကို ရှင်းလင်းတင်ပြရာမှာ ဈေးကွက်စီးပွားရေးကို ကူးပြောင်းရေးအတွက် နိုင်ငံတော်က ပြဋ္ဌာန်းပေးတဲ့ဥပဒေများ၊ နည်းဥပဒေများ၊ စည်းကမ်းများနဲ့ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ထားကြောင်း ထည့်သွင်းပြောကြားသွားပါတယ်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေဖို့ နောင်အခါမှာလည်း ပြည်ထောင်စုအဆင့်ကသာ စီးပွားရေးမူဝါဒများချမှတ်ပေးပြီး စီးပွားရေးဆိုင်ရာလိုအပ်တဲ့ ဥပဒေပြဋ္ဌာန်းပေးခြင်း၊ စီးပွားရေးစီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ခြင်းတို့ကို နိုင်ငံတစ်ဝန်းလုံး ဆောင်ရွက်ပေးနိုင်ဖို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့တဲ့ စီးပွားရေးကဏ္ဍနဲ့သက်ဆိုင်တဲ့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်တဲ့ အချက် (၇)ချက်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ အချက်(၃)ချက်တို့ကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်းကို ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

ထို့ပြင် သီးခြားအကြံပြုချက်များအနေဖြင့်

“နိုင်ငံတော်သည် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်ဟူသော အဆိုပြုချက်ကို ထောက်ခံပါတယ်။ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးရာမှာ တရားမျှတတဲ့ ယှဉ်ပြိုင်မှုရှိဖို့ အရေးကြီးပါတယ်။ အင်အားကြီးမားတဲ့ စီးပွားရေးလုပ်ငန်းကြီးတစ်ခု သို့မဟုတ် တစ်စုက ယင်းတို့ရဲ့အင်အားကို အလွဲသုံးစားမလုပ်ဖို့ ဥပဒေတစ်ရပ်နဲ့ထိန်းချုပ်ဖို့ လိုအပ်မယ်လို့ ယူဆပါတယ်။

ပြဋ္ဌာန်းသင့်

ဒီလို မလိုလားအပ်တဲ့ကျင့်စဉ်များကို တားဆီးနိုင်ဖို့ ကုန်သွယ်ရေးမူ (Trade Policy)၊ စားသုံးသူမူ (Consumer Policy)၊ ယှဉ်ပြိုင်မှုမူ (Competition Policy)နဲ့ လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ရေးမူ (Anti - corruption Policy) များကို ကနဦး သတ်မှတ်ပြီး တရားမျှတတဲ့ ယှဉ်ပြိုင်မှု ဥပဒေ (Fair Competition Law) ပြဋ္ဌာန်းသင့်တယ်လို့ ယူဆပါတယ်။

ဝန်ဆောင်မှုကုန်သွယ်ရာမှာ မြန်မာနိုင်ငံရဲ့ ဈေးကွက်ကို ဘယ်လောက်ဖွင့်ပေးမယ်ဆိုတာရယ်၊ ဥပဒေစည်းမျဉ်းစည်းကမ်းများ လိုက်နာရာမှာလည်း ဘယ်လောက်အထိ အခွင့်အရေးပေးမယ်ဆိုတာကို ကြိုတင်စဉ်းစားထားဖို့ လိုအပ်မယ်ထင်ပါတယ်။

ဝန်ဆောင်မှုနဲ့ပတ်သက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေများတွင် ဖြည့်စွက်၍လည်းကောင်း၊ အဆိုပြုထားတဲ့အတိုင်း သီးခြားဥပဒေပြဋ္ဌာန်းရန်ကို ဖြည့်စွက်ထောက်ခံအပ်ပါတယ်။

စီးပွားရေးကဏ္ဍမှာ ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ဖော်ပြသင့်တဲ့ ကိစ္စရပ်များရဲ့ ပဉ္စမအချက်မှာ စစ်ဆေးဟူတဲ့ စကားရပ်ဖြည့်စွက်ပြီး၊ ထိုပဉ္စမအချက်ကို သွင်းကုန်၊ ထုတ်ကုန်နှင့် ယင်းကုန်ပစ္စည်းများ၏ အရည်အသွေး စစ်ဆေးသတ်မှတ်ခြင်းဟု ဖော်ပြသင့်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ အချို့ သွင်းကုန်ပစ္စည်းများ ဥပမာ–နွားနို့ထွက်ကုန်ပစ္စည်းများမှာ မည်သည့် သမားရိုးကျ ကိုင်တွယ်ကြည့်ရှုမှု မျိုးနဲ့မတွေ့နိုင်တဲ့ အဏုမြူဓာတ်ရောင်ခြည် သင့်စေနိုင်ခြင်းများပါရှိတတ်သောကြောင့် သဘော်အစီးလိုက် အဆိုပါ နို့ထွက်ပစ္စည်းတို့ကို စွန့်ပစ်ရတဲ့အဖြစ်များရှိပါတယ်။ ချာနိုဘယ်(လ်) ပေါက်ကွဲမှုနောက်ပိုင်း မြန်မာနိုင်ငံအတွင်းသို့ ဝင်လာသမျှသော နို့ထွက်ပစ္စည်းများမှာ အဏုမြူဓာတ်ရောင်ခြည်အန္တရာယ် ရှိ၊ မရှိ မိမိတို့ အသိစိတ်ဓာတ်နှင့် အဏုမြူပညာရှင်များက စစ်ဆေးပေးခဲ့ရာ ကံအားလျော်စွာ ယခုထိ ထိုသို့ ညစ်ညမ်းမှုမျိုး မတွေ့ရသေးသော်လည်း ဥပဒေပြဋ္ဌာန်း၍ တာဝန်ပေးသင့်သည့်အတွက် သွင်းကုန်ထုတ်ကုန်နှင့် ယင်းကုန်ပစ္စည်းများ၏ အရည်အသွေးစစ်ဆေး၊ သတ်မှတ်ခြင်းဟု ဖြည့်စွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်” ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

ဆွေးနွေးတင်ပြ

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့က–

“ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ စီးပွားရေးကဏ္ဍပါ ကိစ္စရပ်ခုနစ်ရပ်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ စီးပွာရေးကဏ္ဍပါကိစ္စရပ် သုံးရပ်တို့ကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ထည့်သွင်းဖော်ပြသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်” ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

“အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ စီးပွားရေးကဏ္ဍနဲ့ စပ်လျဉ်းပြီး ရှင်းလင်းချက်မှာ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ပါဝင်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူခုနစ်ချက်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ပါဝင်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူ သုံးချက်ကို တင်ပြထားပါတယ်။ အဲဒီတင်ပြချက်များဟာ ပြီးပြည့်စုံပြီးဖြစ်လို့ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်” ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင် သီးခြားအကြံပြုချက်အနေဖြင့်–

“ဒါပေမယ့် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ပါရှိတဲ့အချက်(၇)ချက်အနက် အမှတ်စဉ်(၅) သွင်းကုန်ထုတ်ကုန်နှင့် ယင်းကုန်ပစ္စည်းများ၏ အရည်အသွေး သတ်မှတ်ခြင်းစကားရပ်အစား သွင်းကုန်ထုတ်ကုန်ဆိုင်ရာများဟူ၍ ပြောင်းလဲသတ်မှတ်သင့်ကြောင်း အကြံပြု တင်ပြလိုပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမယ့်မူသုံးချက်ပါရှိပါတယ်။ အဲဒီမူ သုံးချက်မှာပါရှိတဲ့ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ စကားရပ်အစား နိုင်ငံတော်၏စီးပွားရေးမူဝါဒနှင့်အညီဟူ၍ သုံးနှုန်းသင့်ပါကြောင်းကိုလည်း ဖြည့်စွက်အကြံပြုလိုပါတယ်။

ဒါ့အပြင် ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ပါဝင်သော အမှတ်စဉ်(၆) ဟိုတယ်နှင့် တည်းခိုခန်း၊ အမှတ်စဉ် (၇) ခရီးသွားလာရေးလုပ်ငန်း၊ နယ်စပ်ကုန်သွယ်ရေးစသည့် လုပ်ငန်းများကို တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအနေနဲ့ အနီးကပ်ကြီးကြပ် လုပ်ပိုင်ခွင့်ရရှိစေရန်အတွက် နိုင်ငံတော်က ဥပဒေပြဋ္ဌာန်းရာတွင် အထက်ဖော်ပြပါအချက်များကို လုပ်ပိုင်ခွင့်ရရှိရေးထည့်သွင်းစဉ်းစားပေးပါရန် အကြံပြုတင်ပြအပ်ပါတယ်”ဟု အကြံပြုတင်ပြသွားပါကြောင်းဖြင့် ကောက်နုတ်ဆွေးနွေးတင်ပြသည်။

(သတင်းစဉ်)

ပွင့်ဖြူ ချည်မျှင်နှင့်အထည်စက်ရုံ မကြာမီဖွင့်လှစ်မည် စက်များစမ်းသပ်လည်ပတ်မှု ဝန်ကြီး ဦးအောင်သောင်းစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက် ၁၁ နာရီတွင် မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူ၌ မြန်မာ့အထည်အလိပ်လုပ်ငန်းမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပွင့်ဖြူ ချည်မျှင်နှင့်အထည်စက်ရုံ (စီမံကိန်း)သို့ ရောက်ရှိပြီး မကြာမီစက်ရုံဖွင့်လှစ်တော့မည့် ပင်မအဆောက်အအုံနှင့် ဆက်စပ်အဆောက်အအုံများ၊ စက်များတပ်ဆင်ပြီးစီးမှုနှင့် စက်စမ်းသပ်လည်ပတ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတကာမှ ထွက်ရှိသော ဝါဂွမ်းများ၏ သတ်မှတ်ဂွမ်းအရည်အသွေးများကို လည်းကောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့် စကုဝါဂွမ်း၊ ရမည်းသင်း ဝါဂွမ်းအဆင့်အထိ ပြသထားမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ဝါဖန်စက်သုံးလုံးတပ်ဆင်ပြီးစီးမှုနှင့် စက်လည်ပတ်မှု အခြေအနေများကိုလည်းကောင်း၊ အကြိုအပင်ပေါင်း စက်သုံးလုံးတပ်ဆင်ပြီးစီးမှုနှင့် စက်လည်ပတ်မှုအခြေအနေများကို လည်းကောင်း၊ ဘီးဖီးစက် ၁၂ လုံး တပ်ဆင်ပြီးစီးမှုအခြေအနေနှင့် စက်များ စမ်းသပ်လည်ပတ်မှု အခြေအနေများကိုလည်းကောင်း၊ ချည်ငင်ဌာနနှင့် ချည်ငင်စက် ၆၂ စင် တပ်ဆင်ပြီးစီးမှုနှင့် စက်လည်ပတ်မှု အခြေအနေများကို လည်းကောင်း၊ ပိုလီစတား ၆၅ ရာခိုင်နှုန်းနှင့် ရမည်းသင်းဝါ ၃၅ ရာခိုင်နှုန်း ရောစပ်၍ ချည်ငင်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ရမည်းသင်းဝါ ၈၀ ရာခိုင်နှုန်းနှင့် Bountry (3) India ဝါမျိုး ၂၀ ရာခိုင်နှုန်းနှင့် ရောစပ်ချည်ငင်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ ရမည်းသင်းဝါ ၁၀၀ ရာခိုင်နှုန်း ချည်ငင်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ လွန်းမဲ့ရက်ကန်းစင်များ စမ်းသပ်လည်ပတ်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ အရည်အသွေး စစ်ဆေးခြင်းလုပ်ငန်းများ၊ လွန်းမဲ့ရက်ကန်းစင်မှ ထုတ်လုပ်သော ၁/၄၀ ဘီးဖီးချည်များဖြင့် ရက်လုပ်ထားသည့် ပိတ်ပိတ်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် စက်ရုံသင်တန်းခန်းမ၌ မျိုးဆက်သစ်လူငယ်များအား စက်အစုံဖြင့် သင်တန်းပေးခြင်း၊ လက်တွေ့ဆောင်ရွက်ခြင်း အခြေအနေများကို စစ်ဆေးပြီး ဝန်ကြီးက တိုးတက် လေ့ကျင့်ပညာပေးရေး မှာကြားသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားကာ တရုတ်ပညာရှင်များအား သစ်သီးခြင်း လက်ဆောင် ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် ဝင်းသူဇာ အရောင်းဆိုင်ခွဲ (ပွင့်ဖြူ)ကို စစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မကွေးတိုင်း၊ မင်းဘူးခရိုင် ပွင့်ဖြူမြို့၌ မြန်မာ့အထည်အလိပ် လုပ်ငန်းမှ အကောင်အထည်ဖော် ဆောင်ရွက်နေသော ပွင့်ဖြူ ချည်မျှင်နှင့်အထည် စက်ရုံ စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကွမ်းခြံကုန်းမြို့တွင် စာဆိုတော်နေ့ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်ဦးဆောင်မှုဖြင့် ၁၃၆၆ ခုနှစ် နတ်တော်လ(စာဆိုတော်လ) အထိမ်းအမှတ်၊ စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၅ ရက် ည ၇နာရီတွင် အထက(၂) (အမျိုးသားကျောင်း) မြက်ခင်းပြင်၌ (၁၇)ကြိမ်မြောက် ကျင်းပသည်။ အခမ်းအနားတွင် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးသိန်းထွန်း (မောင်သက်နွယ်)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ဥက္ကဋ္ဌ ဦးစံရွှေ (တင်မောင်ထက်)က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး အဖွဲ့ဝင် ဦးတင်မြင့်(မောင်နီဒါန်း)က ဗဟိုဥက္ကဋ္ဌ၏ သဝဏ်လွှာကို ဖတ်ကြားသည်။

စာရေးဆရာများက ကဗျာနှင့် ဝတ္ထုတိုပြိုင်ပွဲဆုရသူများအား ဆုများချီးမြှင့်ပြီး စာရေးဆရာသုမောင်၊ ဂျူးနှင့် ကာတွန်း အော်ပီကျယ်တို့က စာပေရေးရာများ ဟောပြောကြကြောင်း သိရသည်။ (က–ပ)

တိပိဋကဓရ အထူးတရားပွဲ ဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပဲခူးကုန်းမြို့ ဓမ္မအကြည်တော်အဖွဲ့က ကြီးမှူးကျင်းပသော တိပိဋကဓရ အထူးတရားပွဲကို တပို့တွဲလဆန်း ၁၂ ရက်၊ ဖေဖော်ဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့)တွင် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တ ကုန္ဒပါလ(ရမ္မာဝတီဆရာတော်) အရှင်သူမြတ်ကလည်းကောင်း၊ တပို့တွဲလဆန်း ၁၃ ရက်၊ ဖေဖော်ဝါရီ ၂၁ရက် (တနင်္လာနေ့)တွင် ရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝံသပါလာလင်္ကာရ(မြင်းမူဆရာတော်) အရှင်သူမြတ်ကလည်းကောင်း ပဲခူးကုန်းမြို့ မြို့မသာသနာ့ ဗိမာန်တော်ကြီး၌ ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (သတင်းစဉ်)

ရတနာမာရ်အောင်ဓမ္မရိပ်သာ တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း ပုလဲမြို့သစ် ဉာဏ ရပ်ကွက် ရတနာစံဦးတိုက် ရတနာမာရ်အောင် တောရဓမ္မရိပ်သာတွင် ဖေဖော်ဝါရီ ၂၁ ရက်မှ မတ် ၁ ရက်အထိ (၁၄)ကြိမ်မြောက် တရားစခန်းပွဲကို မြောက်ဦးမြို့ ရတနာ မာရ်အောင် ဆရာတော် ဘဒ္ဒန္တ ဝါယာ မိန္ဒကိုယ်တိုင် ကြီးမှူးဖွင့်လှစ် ဟောပြောပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီများသည် ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၅ နာရီအရောက် ရတနာမာရ်အောင် ဓမ္မရိပ်သာသို့ လာရောက်ကြရန်နှင့် ဒေါ်ပို့ပို့ ဖုန်း–၅၄၈၆၈၉၊ ဒေါ်တင်အောင် ဖုန်း–၆၅၁၉၁၁၊ ဒေါ်သိန်းသိန်း ဖုန်း–၃၇၅၅၀၃၊ ဦးသန်းတင် ဖုန်း–၂၉၆၃၁၂၊ ဦးမြသိန်း ဖုန်း–၅၄၃၃၀၁ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြေယာစီမံခန့်ခွဲမှုများနှင့်စပ်လျဉ်းပြီး တစ်နိုင်ငံလုံးအတိုင်းအတာနှင့် တူညီမှုရှိဖို့လို ပြည်ထောင်စုရဲ့ အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းများကသာ ဥပဒေပြု ပြဋ္ဌာန်းပေးသင့်

*** ကျောဖုံးမှ**

ကောက်နုတ်စုစည်းချက်ကို ဆက်လက် တင်ပြသွားမှာ ဖြစ်ကြောင်း။

မူချမှတ်ထား

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၄ခုနှစ် မေလ ၁၇ရက်နေ့မှာ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

“အခုဆက်လက်ပြီး ရှင်းလင်းတင်ပြမှာကတော့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍမှာပါရှိသင့်တဲ့ ကိစ္စရပ်တွေပဲဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတော်ရဲ့ စီးပွားရေးဦးတည်ချက်လေးရပ်အနက် ပထမဆုံး ဦးတည်ချက်တစ်ရပ်ဟာ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဖြစ်ပါတယ်။ အမျိုးသားညီလာခံကလည်း နိုင်ငံတော်သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းမည်ဟု စိုက်ပျိုးရေးနှင့်စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူ ချမှတ်ထားပါကြောင်း။

ယခု မိမိတို့ရှင်းလင်းတင်ပြခဲ့ခြင်းများမှာ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ပါရှိသင့်တဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍမှာပါရှိမည့်ကိစ္စရပ်များဖြစ်ပါကြောင်း။ ယင်းကိစ္စရပ်များကို စုစည်းတင်ပြရမည်ဆိုပါက–

၁။ မြေယာစီမံခန့်ခွဲမှု၊
၂။ မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများဖော်ထုတ်ခြင်း၊
၃။ ကြေးတိုင်နှင့် မြေစာရင်း၊
၄။ မြေတိုင်း၊
၅။ ပြည်ထောင်စုက စီမံခန့်ခွဲသည့် ဆည်မြောင်း၊ တာတမံနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊
၆။ မိုးလေဝသ၊ဇလဗေဒနှင့် မြေငလျင်တိုင်းတာရေး၊
၇။ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း
၈။ စက်မှုလယ်ယာ၊
၉။ စိုက်ပျိုးရေးသုတေသန၊
၁၀။ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်ရေး၊
၁၁။ ပင်လယ်ငါးလုပ်ငန်း

တို့ဖြစ်ပါကြောင်း။

အကြံဉာဏ်များပေးရန်

ထို့ကြောင့် ဖော်ပြပါကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာပါက ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်၊ မသင့် ညီလာခံကိုယ်စားလှယ်များ အကြံဉာဏ်များပေးကြရန်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍပါ ကိစ္စရပ်များကို စုစည်းတင်ပြရမည်ဆိုပါက–

၁။ လယ်ယာစိုက်ပျိုးရေး၊
၂။ အပင်နှင့် သီးနှံဖျက် ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေး၊
၃။ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးနှင့် သဘာဝမြေဩဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေး၊
၄။ စိုက်ပျိုးရေးချေးငွေနှင့် စုငွေများ၊
၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသော ဆည်မြောင်း၊ တာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊
၆။ ရေချိုငါးလုပ်ငန်း၊
၇။ တိရစ္ဆာန်မွေးမြူရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် စနစ်တကျထိန်းကျောင်းရေး

တို့ဖြစ်ပါကြောင်း။

ထို့ကြောင့် ဖော်ပြပါကိစ္စရပ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်၊ မသင့် ညီလာခံကိုယ်စားလှယ်များက အကြံပြုကြဖို့ ဖြစ်ပါတယ်”ဟု ရှင်းလင်းပြောကြားခဲ့ပါကြောင်း။

လျော်ကန်သင့်မြတ်

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ယင်းရှင်းလင်းချက်နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ခုဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် နိုင်ငံရေးပါတီခုနစ်ပါတီအနက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီက–

“စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် မြေယာစီမံခန့်ခွဲမှု၊ မြေလွတ်၊မြေလပ်၊မြေရိုင်းများ ဖော်ထုတ်ခြင်း၊ ကြေးတိုင်နှင့် မြေစာရင်း၊ မြေတိုင်းများမှာ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင်သာ ထားရှိရမည့် ကဏ္ဍများဖြစ်ပါတယ်။ ဆည်မြောင်းတာတမံများကိုလည်း တိုင်း သို့မဟုတ် ပြည်နယ်သို့ ဥပဒေပြုအာဏာ ခွဲဝေပေးထားတာကိုလည်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများကိုလည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သို့ ဥပဒေပြုအာဏာ ခွဲဝေပေးထားခြင်းဟာလည်း လျော်ကန်သင့်မြတ်ပါတယ်။ မိုးလေဝသနှင့် ဇလဗေဒ၊ မြေငလျင် တိုင်းတာရေးလုပ်ငန်း၊ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်း၊ စက်မှုလယ်ယာ၊ စိုက်ပျိုးရေးသုတေသန၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်ရေးနှင့် ပင်လယ်ငါးလုပ်ငန်းများဟာ ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ပြည့်စုံစွာ ထည့်သွင်းဖော်ပြထားရှိခြင်းနှင့် ပတ်သက်၍လည်း အထူးဆွေးနွေးရန်မရှိပါ။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် ပါဝင်တဲ့ လုပ်ငန်းများကို ခြုံငုံလေ့လာသုံးသပ်တဲ့အခါ ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ပါဝင်ရမည့်အပိုင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ပါဝင်ရမည့်အပိုင်းများဟာ လျော်ကန်သင့်မြတ်တာကို တွေ့ရှိရပါတယ်” ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်သည့် ပြည်ထောင်စုပအိုဝ်းအမျိုးသား အဖွဲ့ချုပ်က–

“စိုက်ပျိုးရေးလုပ်ငန်းမှာ မြေနှင့်ရေဟာ ပင်မလိုအပ်ချက်ဖြစ်တဲ့အတွက် စိုက်ပျိုးရေရရှိရေး၊ ရေအရင်းအမြစ်များဖော်ထုတ်ခြင်း၊ ဆည်ရေပေးဝေခြင်း၊ မြစ်ရေတင်ပေးဝေခြင်း၊ ဆည်တာတမံများ တည်ဆောက်ခြင်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါတယ်။ ယနေ့အထိ ဆည်မြောင်းတာတမံ စီမံကိန်းပေါင်း ၁၅၉ခု တည်ဆောက်ပေးပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနှင့် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှာ အဖွဲ့ဝင်ဖြစ်တဲ့အတွက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က သတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ရသလို ခေတ်မီသိပ္ပံ နည်းပညာနှင့် တိုင်းထွာချက်ယူသည့်မှအစ မှတ်တမ်းပြုစုခြင်း၊ သုတေသနပြုခြင်း၊ ခန့်မှန်းခြင်းတို့အတွက် အဆင့်မြင့်ကျွမ်းကျင်မှု ပညာတတ်ကျွမ်းထားဖို့ လိုအပ်ပါတယ်။

ချမှတ်သင့်

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်အောင် သမားရိုးကျထုတ်လုပ်မှုအစား ခေတ်မီတိုးတက်တဲ့ နည်းပညာအသုံးပြုနိုင်အောင် နိုင်ငံတော်က လုပ်ငန်းစဉ်ခြောက်ရပ် ချမှတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စက်မှုလယ်ယာအသွင်ကူးပြောင်းနိုင်ဖို့ မြန်မာစက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းပေးသည့်အပြင် ပြည်နယ်နှင့် တိုင်းများမှာလည်း စက်မှုဇုန်များ တည်ထောင်လျက်ရှိပါတယ်။ မျိုးသစ်များ စမ်းသပ်ထုတ်လုပ်ရေး၊ အထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ပြီး စံပြစိုက်ခင်းများ ထူထောင်နိုင်ရေးအတွက် စိုက်ပျိုးရေးသုတေသနလုပ်ငန်းတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်၊ စိုက်ပျိုးရေးလုပ်ငန်းမှာ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဟာမရှိမဖြစ် လိုအပ်တဲ့အတွက် ပြည်ထောင်စုတစ်ဝန်းလုံး လုံလုံလောက်လောက် ဖြန့်ဖြူးရောင်းချနိုင်အောင် မဖြစ်မနေ ဆောင်ရွက်ပေးရပါမယ်။ ပြည်သူစားသုံးဖို့၊ နိုင်ငံခြားကိုတင်ပို့ရောင်းချဖို့ ငါးဖမ်းလုပ်ငန်းနှစ်မျိုးဖြစ်တဲ့ ပင်လယ်ငါးဖမ်းလုပ်ငန်းနှင့် ရေချိုငါးဖမ်းလုပ်ငန်းတွေမှာ နိုင်ငံတကာ ဥပဒေလုပ်ထုံးလုပ်နည်း စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ဖို့လိုပါတယ်။ ဒါကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်ပြီး ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် အသေးစိတ် အခြေခံရမယ့်မူတွေက မြေယာစီမံခန့်ခွဲမှု၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ ဖော်ထုတ်ခြင်း၊ ကြေးတိုင်နှင့် မြေစာရင်း၊ မြေတိုင်း၊ ပြည်ထောင်စုက စီမံခန့်ခွဲသည့် ဆည်မြောင်း၊ တာတမံနှင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ၊ မိုးလေဝသ၊ ဇလဗေဒနှင့် မြေငလျင်တိုင်းတာရေး၊ စာချုပ်စာတမ်း မှတ်ပုံတင်ခြင်း၊ စက်မှုလယ်ယာ၊ စိုက်ပျိုးရေးသုတေသန၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်ရေးနှင့် ပင်လယ်ငါးလုပ်ငန်းများ ဖြစ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး ကဏ္ဍဆိုင်ရာခုနစ်ချက်တို့ကို အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း” ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အဆိုပါ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

“အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့စပ်လျဉ်း၍ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ အချက်(၁၁)ချက်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ အချက်ခုနစ်ချက်ကို အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်မသင့် ရှင်းလင်းခဲ့ပါတယ်။ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ဟာ သင့်တော်ဆီလျော်မှုရှိတဲ့အတွက် ဖော်ပြသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်” ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ဆီလျော်သင့်မြတ်

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍနဲ့ ပတ်သက်ပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ အချက်(၁၁)ချက်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်တဲ့ အချက်ခုနစ်ချက်၊ အသီးသီးကဏ္ဍအလိုက်၊ အဆင့်လိုက် ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းနိုင်ဖို့အတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်တာဟာ ဆီလျော်သင့်မြတ်ပါကြောင်း ဆွေးနွေးတင်ပြပါတယ်” ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အဆိုပါကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်က–

“စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍနဲ့ စပ်လျဉ်းလို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်များနဲ့ ပတ်သက်ပြီး ဥပဒေပြုပြဋ္ဌာန်းဖို့အတွက် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြထားသည်မှာ လျော်ကန်သင့်မြတ်ပါတယ်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍနဲ့ စပ်လျဉ်းလို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် အချက်ခုနစ်ချက်တို့ကို ထည့်သွင်းသင့်ကြောင်း ဖော်ပြထားချက်အပေါ် အခြားတင်ပြ အကြံပြုစရာမရှိပါ” ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်သည့် ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက–

“နိုင်ငံတော်ရဲ့ စီးပွားရေးဦးတည်ချက်လေးရပ်အနက် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုပြီး ပါရှိပါတယ်၊ အမျိုးသားညီလာခံကြီးကလည်း စိုက်ပျိုးရေးနဲ့ စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ထားပါတယ်။

လုပ်ပိုင်ခွင့်ခွဲဝေသတ်မှတ်သင့်

ထို့ပြင် နိုင်ငံတော်အနေနဲ့လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထား လုပ်ကိုင်ရန် သဘာဝနဲ့ ပထဝီအနေအထားမှာ ကောင်းမွန်လျက်ရှိနေပါတယ်။ ဤသို့ နိုင်ငံတစ်ဝန်း စိုက်ပျိုးရေးနှင့်မွေးမြူရေး ကဏ္ဍကို တစ်ပြေးညီ ဆောင်ရွက်နိုင်ဖို့ ပြည်ထောင်စု ဥပဒေပြုစာရင်းနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင် လုပ်ပိုင်ခွင့်ခွဲဝေသတ်မှတ်သင့်ကြောင်း၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးရဲ့ လေ့လာတွေ့ရှိချက်ဟာ သင့်မြတ်ပါကြောင်း တင်ပြလိုပါတယ်”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် “ဝ” အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“ကျွန်တော်တို့နိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်တဲ့အားလျော်စွာ လွတ်လပ်ရေး ရရှိပြီးတဲ့နောက်ပိုင်း ခေတ်အဆက်ဆက်က မြေယာစီမံခန့်ခွဲမှုများနဲ့ စပ်လျဉ်းပြီး လိုအပ်တဲ့ဥပဒေတွေကို နိုင်ငံတော်ရဲ့ အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းတွေကသာ ပြဋ္ဌာန်းဆောင်ရွက်ခဲ့တာတွေကို လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးဦးတည်ချက်လေးရပ်ချမှတ်ပြီး လယ်ယာကဏ္ဍ ရည်မှန်းချက်များ ချမှတ်ကာ အဲဒီရည်မှန်းချက်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ဖို့ နိုင်ငံတော်တစ်ဝန်းလုံးအတွက် မြေယာစီမံခန့်ခွဲမှုနဲ့စပ်လျဉ်းပြီး မူဝါဒများချမှတ်ခြင်း၊ လိုအပ်တဲ့ဥပဒေများ ပြဋ္ဌာန်းပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိတာကို သုံးသပ်တွေ့ရှိရပါတယ်။

တူညီမှုရှိဖို့လို

အမျိုးသားညီလာခံကလည်း စိုက်ပျိုးရေးနဲ့ စပ်လျဉ်းတဲ့ အခြေခံရမည့်မူတစ်ရပ်ကို ချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။ နောင်အနာဂတ်တွင်လည်း မြေယာစီမံခန့်ခွဲမှုများနှင့် စပ်လျဉ်းပြီး တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ တူညီမှုရှိဖို့ လိုအပ်တာကြောင့် ပြည်ထောင်စုရဲ့ အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းများကသာ ဥပဒေ ပြဋ္ဌာန်းပေးသင့်တယ်လို့ သုံးသပ်မိပါတယ်။

အလားတူ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်မှသာ အောင်မြင်အကျိုးဖြစ်ထွန်းမှုရှိမည့် လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ပါ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကိစ္စရပ်များဖြစ်တဲ့ မြေလွတ်၊ မြေလပ်၊မြေရိုင်းများ ဖော်ထုတ်ခြင်း၊ ကြေးတိုင်နှင့် မြေစာရင်း၊မြေတိုင်း၊ ပြည်ထောင်စုက စီမံခန့်ခွဲသည့် ဆည်မြောင်းတာတမံနဲ့ စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ၊ မိုးလေဝသ၊ဇလဗေဒနှင့် မြေငလျင်တိုင်းတာရေး၊ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း၊ စက်မှုလယ်ယာ၊ စိုက်ပျိုးရေးသုတေသန၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်ရေး၊ ပင်လယ်ငါးဖမ်းလုပ်ငန်းတို့ကို ပြည်ထောင်စုရဲ့ အမြင့်ဆုံး ဥပဒေပြုအဖွဲ့အစည်းများကသာ ဥပဒေပြု ပြဋ္ဌာန်းပေးသင့်တယ်လို့ သုံးသပ်မိပါတယ်။

ဒါကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ပါရှိသင့်တဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍမှာ ပါရှိသင့်တဲ့ ကိစ္စရပ်(၁၁)ရပ်နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန်အတွက် အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ပါ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ လယ်ယာစိုက်ပျိုးရေး၊ အပင်နှင့် သီးနှံဖျက်

မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ ဖော်ထုတ်ခြင်း၊ ကြေးတိုင်နှင့် မြေစာရင်း၊ မြေတိုင်း၊ ပြည်ထောင်စုက စီမံခန့်ခွဲသည့် ဆည်မြောင်းတာတမံနဲ့ စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ၊ မိုးလေဝသ၊ ဇလဗေဒနှင့် မြေငလျင်တိုင်းတာရေး၊ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း၊ စက်မှုလယ်ယာ၊ စိုက်ပျိုးရေးသုတေသန၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်ရေး၊ ပင်လယ်ငါးဖမ်းလုပ်ငန်းတို့ကို ပြည်ထောင်စုရဲ့ အမြင့်ဆုံး ဥပဒေပြုအဖွဲ့အစည်းများကသာ ဥပဒေပြုပြဋ္ဌာန်းပေးသင့်။

ပိုးမွှားရောဂါ ကာကွယ်ရေးနှ[illegible]
ဩဇာ စနစ်တကျသုံးစွဲရေးနှင့်[illegible]
စနစ်တကျထုတ်လုပ် သုံးစွဲရေ[illegible]
စုငွေများ၊ တိုင်းဒေသကြီး သို့[illegible]
ခန့်ခွဲခွင့်ရှိသော ဆည်မြောင်း၊[illegible]
မြောင်းနှင့် စိုက်ပျိုးရေ ရရှိ[illegible]
ငါးလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူ[illegible]
ကုသရေးနှင့် စနစ်တကျထိန်း[illegible]
အနာဂတ်မှာ ပြည်ထောင်စု[illegible]
မူဝါဒများ၊ လုပ်ငန်းစီမံကိန်းမ[illegible]
သို့မဟုတ် ပြည်နယ်များက သ[illegible]
သို့မဟုတ် ပြည်နယ်အတွင်း အ[illegible]
သွားရမယ့်ကိစ္စရပ်များ ဖြစ်တ[illegible]

ချမှတ်သင့်ကြော[illegible]

ဒါကြောင့် လုပ်ငန်းကော်[illegible]
ကြားခဲ့တဲ့ တိုင်းဒေသကြီး သို့[illegible]
စာရင်းတွင် ပါရှိသင့်တဲ့ စိုက်ပျိုး[illegible]
ကိစ္စရပ်ခုနစ်ရပ်နဲ့စပ်လျဉ်းပြီး [illegible]
ဥပဒေပြဋ္ဌာန်းပေးနိုင်ရန်အတွ[illegible]
ရမယ့် မူများအဖြစ် ချမှတ်သင့်[illegible]
အပ်ပါတယ်”ဟု ဆွေးနွေးတ[illegible]

အမျိုးသားညီလာခံကိုယ်စားလှ[illegible]

ညီလာခံကိုယ်စားလှယ်[illegible]
အဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကော[illegible]
ရသော ကိုယ်စားလှယ်များအ[illegible]
သော အကြံပြုချက်စာတမ်းငါ[illegible]
– တိုင်းရင်းသား စည်း[illegible]
ကိုယ်စားလှယ်၊
– မြို့(ခ)ခမိအမျိုးသားညီ[illegible]
လှယ်
တို့၏ သဘောထားကို နိုင်ငံရေ[illegible]
များအစုအဖွဲ့တွင်ပါဝင်သည့် ယ[illegible]
က ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါ[illegible]
များအတိုင်းပင် သက်ဆိုင်ရာက[illegible]
ဆွေးနွေး တင်ပြသွားတာကို[illegible]

ပြည်ထောင်[illegible]

ယင်းကိုယ်စားလှယ်များ[illegible]
ချင်းပြည်နယ် ထန်တလန်မြို့[illegible]
ပုဂ္ဂလကိုယ်စားလှယ် ဒေါက်တ[illegible]
ရှာင်မြို့နယ် မဲဆန္ဒနယ်မှ တ[illegible]
ဦးအောင်သိန်းတို့က–
“စိုက်ပျိုးရေး၊ မွေးမြူ[illegible]
ဆက်လက်ပြီး တင်ပြဆွေး[illegible]
၀၄)နေ့မှာ ပြုလုပ်ခဲ့တဲ့ အမျိုး[illegible]
အဝေးမှာ အမျိုးသားညီလာခံက[illegible]
ဥက္ကဋ္ဌက စိုက်ပျိုးရေးနဲ့ မွေးမြူ[illegible]
ရှင်းလင်းပြောကြားချက်များဟ[illegible]
ရှိပါသဖြင့် အထက်ဖော်ပြပါ [illegible]
ဆိုင်ရာ မူ(၁၁)ချက်အား ပြည်[illegible]
အသေးစိတ် အခြေခံရမယ့်မူ[illegible]
ကြောင်း တင်ပြအပ်ပါတယ်[illegible]
လုပ်ငန်းကော်မတီဥက္ကဋ္ဌ[illegible]
တွင်ပါရှိသည့် မူခုနစ်ချက်ဟာ [illegible]
ပြည်နယ်ဥပဒေပြုရေးအတွက် [illegible]
ဒေသကြီး သို့မဟုတ် ပြည်နယ်ဥ[illegible]
စိတ်အခြေခံရမယ့်မူများအဖြစ် [illegible]
အကြံပြု တင်ပြအပ်ပါတယ်” [illegible]
တင်ပြသွားပါကြောင်း။

မြေလွတ်မြေရိုင်း[illegible]

ယင်းကိုယ်စားလှယ်များ[illegible]
တစ်သီးပုဂ္ဂလကိုယ်စားလှယ်မျ[illegible]
မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ[illegible]
ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်([illegible]
မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ[illegible]
မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလို[illegible]
နယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ [illegible]
အမှတ်(၂)မှ ဦးတင်ထွန်းမောင်[illegible]
ကိစ္စရပ်များနဲ့ ပတ်သက်၍ ပြ[illegible]
မှာ ထည့်သွင်းသင့်ပါတယ်၊ မြေ[illegible]

းမွှားရောဂါ ကာကွယ်ရေးနှင့် နှိမ်နင်းရေး၊ ဓာတ်မြေ
ညြဇာ စနစ်တကျသုံးစွဲရေးနှင့် သဘာဝမြေဩဇာများ
နစ်တကျထုတ်လုပ် သုံးစွဲရေး၊ စိုက်ပျိုးရေးချေးငွေနှင့်
ငွေများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံ
န့်ခွဲခွင့်ရှိသော ဆည်မြောင်း၊တာတမံ၊ ရေကန်၊ ရေနုတ်
မြောင်းနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ၊ ရေချို
ါးလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေး၊ ရောဂါကာကွယ်ရေး၊
ုသရေးနှင့် စနစ်တကျထိန်းကျောင်းရေးကိစ္စရပ်များဟာ
ခနာဂတ်မှာ ပြည်ထောင်စုအဆင့်က ချမှတ်လိုက်တဲ့
ဝါဒများ၊ လုပ်ငန်းစီမံကိန်းများနဲ့အညီ တိုင်းဒေသကြီး
ို့မဟုတ် ပြည်နယ်များက သက်ဆိုင်ရာ တိုင်းဒေသကြီး
ို့မဟုတ် ပြည်နယ်အတွင်း အနီးကပ် ကြီးကြပ်ဆောင်ရွက်
ွားရမယ့်ကိစ္စရပ်များ ဖြစ်တယ်လို့ ယူဆပါတယ်။

ချမှတ်သင့်ကြောင်းအကြံပြု

ဒါကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြော
ကြားခဲ့တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြု
ာရင်းတွင် ပါရှိသင့်တဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍပါ
ိစ္စရပ်ခုနစ်ရပ်နဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင်
ပဒေပြဋ္ဌာန်းပေးနိုင်ရန်အတွက် အသေးစိတ် အခြေခံ
မယ့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြ
ခပ်ပါတယ်”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့အနက် အစု
ဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထား
သော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြ
သာ အကြံပြုချက်စာတမ်းငါးစောင်အနက်–

- တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီမှ ကိုယ်စားလှယ်၊
- မြို့(ခ)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်

ို့၏ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်
ျားအစုအဖွဲ့တွင်ပါဝင်သည့် ယင်းတို့၏ နိုင်ငံရေးပါတီများ
က ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးချက်
ျားအတိုင်းပင် သက်ဆိုင်ရာကိုယ်စားလှယ်များကလည်း
ဆွေးနွေး တင်ပြသွားတာကို တွေ့ရပါကြောင်း။

နိုင်ငံတော်အဆင့်အနေနဲ့သော်လည်းကောင်း၊ ကုမ္ပဏီကြီးများအနေနဲ့သော် လည်းကောင်း၊ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကွက်များ မပေါ်ပေါက်သေးခင်စပ်ကြား နယ်စပ်ဒေသများ၊ ပြည်နယ်များမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားများဟာ မိမိတို့ စိုက်ပျိုးထုတ်လုပ်နေရသေးတဲ့ ဥယျာဉ်ခြံမြေထွက် သီးနှံများနဲ့ ပတ်သက်ပြီး တစ်နိုင်တစ်ပိုင် သုတေသနလုပ်ရန် လိုအပ်ပါပြီ။ လမ်းသစ်ထွင်ဖို့ လိုပါပြီ။

ဖော်ထုတ်ရေးကိစ္စရပ်များနဲ့ ပတ်သက်လို့ အကြံပြုတင်ပြလိုပါတယ်။

မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံစီးပွားရေးအဖြစ် ထားရှိဆောင်ရွက်နေတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်၊ ဒါဟာလဲ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေများနဲ့ ကိုက်ညီပါတယ်။ တစ်ဖန် မြန်မာနိုင်ငံမှာ နိုင်ငံတော်ရဲ့အကျိုးစီးပွား၊ ပြည်သူများ၏ အကျိုးစီးပွားအတွက် ထပ်မံဖော်ထုတ်အသုံးချနိုင်မယ့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများလည်း အမြောက်အမြား ကျန်ရှိနေပါသေးတယ်၊ ဒီလိုကျန်ရှိတဲ့နေရာမှာ တစ်ပြည်လုံးအတိုင်းအတာနဲ့ကြည့်ရင် တစ်ပြေးညီမဟုတ်ဘဲ ကွဲပြားခြားနားလျက်ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ကျယ်ပြန့်တဲ့ကွင်းပြင်များရှိသလို တောင်ထူထပ်တဲ့ အရပ်ဒေသတွေလဲ ရှိပါတယ်၊ သစ်တောကြီးများ ဖုံးလွှမ်းတဲ့ဒေသများရှိသလို သစ်ပင်များ ပေါက်ရောက်ရန် ခက်ခဲတဲ့ဒေသ တွေရှိပါတယ်၊ ပူပြင်းခြောက်သွေ့တဲ့ဒေသတွေ၊ အမြဲတမ်း စွတ်စိုတဲ့ဒေသတွေနဲ့ ဆီးနှင်းဖုံးလွှမ်းတဲ့ဒေသတွေ စသည်ဖြင့် မြေမျက်နှာပြင် အနေအထား၊ ရာသီဥတုပြောင်းလဲမှု စတဲ့ ကွဲပြားခြားနားမှုတွေ

ဆိုင်ရာကိစ္စရပ်များအတွက် အမျိုးသားညီလာခံကျင်းပရေးကော်မတီ ဥက္ကဋ္ဌကြီးရဲ့ ရှင်းလင်းချက်ပါအတိုင်း ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ထည့်သွင်းသင့်ပါတယ်။ ဖြည့်စွက်အကြံပြု တင်ပြရန်မရှိကြောင်း တင်ပြအပ်ပါတယ်။

ပင်လယ်ငါးလုပ်ငန်းကိစ္စများနဲ့ ပတ်သက်၍ ဆက်လက်အကြံပြု တင်ပြသွားပါမယ်၊ ပြည်ထောင်စုအတွင်းမှာရှိတဲ့ အချို့သော တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ ရှည်လျားတဲ့ ပင်လယ်ကမ်းရိုးတန်းများ ရှိကြပါတယ်။ ဒီတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ပင်လယ်ငါးဖမ်းလုပ်ငန်းဟာ အဓိက စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ပါဝင်လျက်ရှိပါတယ်။ ဒါကြောင့် ပင်လယ်ငါးဖမ်းလုပ်ငန်းနဲ့ ပတ်သက်လို့ မိမိနယ်မြေ ပြည်သူများရဲ့ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ရန် ဒီဒေသများမှာ ဥပဒေများပြဋ္ဌာန်းပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ ကျယ်ပြန့်လှပတဲ့ မြန်မာနိုင်ငံ ပင်လယ်ပြင်ကြီးမှာ နိုင်ငံခြားလုပ်ငန်းရှင်များနဲ့သော်လည်းကောင်း၊ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများနဲ့သော် လည်းကောင်း၊ ပင်လယ်ငါးဖမ်းလုပ်ငန်း

မြေရှိသော်လည်း ရေမရှိတဲ့အတွက် မစိုက်ပျိုးနိုင်ပါ၊ အဆိုပါသီးနှံများစိုက်ပျိုးရန် သင့်လျော်တဲ့ ရာသီဥတုမျိုးလည်းမရှိပါ။ ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် စိုက်ပျိုးပြန်သော်လည်း တောတွေပြုန်းပြီး ရာသီဥတုဖောက်ပြန်လာပါတယ်။ သဘာဝမြေဆီဩဇာ ရေတိုက်စားမှု၊ မြေပြိုမှု၊ ရေကြီးမှု စတဲ့ သဘာဝဘေးအန္တရာယ်များ တစ်နှစ်ပြီး တစ်နှစ် တိုးတိုးပြီး ခံစားရပါတယ်။ ဒါ့ကြောင့်မို့ မိရိုးဖလာဖြစ်တဲ့ ဥယျာဉ်ခြံမြေစိုက်ပျိုးမှုကို ဆက်လက်လုပ်ကိုင်နေရပါတယ်။ မိရိုးဖလာ စိုက်ပျိုးရေးလုပ်ငန်းဟာ လုပ်ရိုးလုပ်စဉ် လုပ်ငန်းတစ်ခုမျှသာဖြစ်တဲ့အတွက် ခေတ်နှင့်အညီ သဟဇာတမဖြစ်တော့ပါ။ ခေတ်မီသော သိပ္ပံနည်းကျသော စိုက်ပျိုးရေးနည်းစနစ်သစ်ဖြင့် အစားထိုးဖို့လိုပါပြီ။ ကျွန်တော်တို့နိုင်ငံနှင့် မရှေးမနှောင်းမှာပဲ အိမ်နီးချင်းနိုင်ငံတစ်ခုမှ တံခါးဖွင့် ဈေးကွက်စီးပွားရေးစနစ်ကို ဖောက်ချဖော်ဆောင် လုပ်ကိုင်လာတဲ့အခါမှာ ဥယျာဉ်ခြံမြေထွက်သီးနှံဖြစ်တဲ့ ပန်းသီး၊ လက်ဖက်ခြောက်၊ ကြက်သွန်ဖြူ စသည့် စားသောက်ကုန်ပစ္စည်းများ မိမိတို့နိုင်ငံအတွင်းသို့ နေ့တိုင်းလိုလို လှိမ့်ဝင်လာနေတဲ့အချိန်မှာ မိမိတို့မှာ မိရိုးဖလာစိုက်ပျိုးရေးအဆင့်နှင့်သာ လုံးပန်းနေရတုန်းပဲ ဖြစ်ပါတယ်။

ပြုလုပ်ရန်လိုအပ်နေပြီ

ဒါကြောင့် နိုင်ငံတော်အဆင့်အနေနဲ့သော် လည်းကောင်း၊ ကုမ္ပဏီကြီးများအနေနဲ့သော်လည်းကောင်း၊ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကွက်များ မပေါ်ပေါက်သေးခင်စပ်ကြား နယ်စပ်ဒေသများ၊ ပြည်နယ်များမှာ နေထိုင်ကြတဲ့တိုင်းရင်းသားများဟာ မိမိတို့ စိုက်ပျိုးထုတ်လုပ်နေရသေးတဲ့ ဥယျာဉ်ခြံမြေထွက် သီးနှံများနဲ့ ပတ်သက်ပြီး တစ်နိုင်တစ်ပိုင် သုတေသနလုပ်ရန် လိုအပ်ပါပြီ။ လမ်းသစ်ထွင်ဖို့လိုပါပြီ။ နိုင်ငံတော်က ခွင့်ပြုထားတဲ့ မူဘောင်အတွင်း စိုက်ပျိုးရေးသုတေသနပြုခြင်း၊ စံပြခြံများ တည်ထောင်ခြင်း၊ အခြားတိုင်းပြည်များသို့ လေ့လာရေးခရီးထွက်ခြင်း၊ ပညာသင်စေလွှတ်ခြင်း၊ အခြားနိုင်ငံများမှ ကျွမ်းကျင်ပညာရှင်များဖိတ်ခေါ်ပြီး စိုက်ပျိုးရေးပညာသင်ကြားစေခြင်းတို့ကို စတင်ပြုလုပ်ရန် လိုအပ်နေပါပြီ။ သို့မဟုတ်ပါက နောင်နှစ်အနည်းငယ်အကြာမှာ အိမ်နီးချင်း

ပြည်ထောင်စု၏ဥပဒေနှင့် မဆန့်ကျင်ဘဲ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ ဖော်ထုတ်ရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများသို့ ဆောင်ရွက်ခွင့်ပြုသင့်ကြောင်း အကြံပြု

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့်
ရှင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီး
ပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ်
ိုင်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ်
းအောင်သိန်းတို့က–

“စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍနဲ့ ပတ်သက်လို့
ဆက်လက်ပြီး တင်ပြဆွေးနွေးလိုပါတယ်။ (၁၉-၅-
၄)နေ့မှာ ပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်း
အဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ
ဥက္ကဋ္ဌက စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍနှင့်စပ်လျဉ်းသည့်
ရှင်းလင်းပြောကြားချက်များဟာ ကြောင်းကျိုးဆီလျော်မှု
ရှိပါသဖြင့် အထက်ဖော်ပြပါ စိုက်ပျိုးရေးနဲ့ မွေးမြူရေး
ဆိုင်ရာ မူ(၁၁)ချက်အား ပြည်ထောင်စုဥပဒေပြုစာရင်းတွင်
အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါ
ကြောင်း တင်ပြအပ်ပါတယ်ဟု လည်းကောင်း။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားချက်
တွင်ပါရှိသည့် မူခုနစ်ချက်ဟာ တိုင်းဒေသကြီး သို့မဟုတ်
ပြည်နယ်ဥပဒေပြုရေးအတွက် ဆီလျော်မှုရှိပါသဖြင့် တိုင်း
ဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် အသေး
စိတ်အခြေခံရမယ့်မူများအဖြစ် ဖော်ပြချမှတ်သင့်ပါကြောင်း
အကြံပြု တင်ပြအပ်ပါတယ်” ဟုလည်းကောင်း ဆွေးနွေး
တင်ပြသွားပါကြောင်း။

မြေလွတ်မြေရိုင်း ဖော်ထုတ်ရေး

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့်
တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ဖြစ်ကြသည့် ကျိုက်လတ်
မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်း
ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူး
မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ်
မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒ
နယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်
အမှတ်(၂)မှ ဦးတင်ထွန်းမောင် တို့က “မြေယာစီမံခန့်ခွဲမှု
ကိစ္စရပ်များနဲ့ ပတ်သက်၍ ပြည်ထောင်စု ဥပဒေပြုစာရင်း
က ထည့်သွင်းသင့်ပါတယ်၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ

အပြင် တောမီးလောင်ကျွမ်းခြင်း၊ ရေကြီးခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခြင်း စတာတွေဟာလည်း ပြည်ထောင်စုအတွင်းမှာ တစ်နေရာနဲ့တစ်နေရာ မတူညီကြပါဘူး။ ဒီလိုကွဲပြားခြားနားတဲ့ အခြေအနေတွေနဲ့ ပတ်သက်ပြီး အနီးစပ်ဆုံး သိရှိနိုင်တာကတော့ အဲဒီဒေသများပါဝင်တဲ့ တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနယ်မြေများအနေနဲ့ ပြည်ထောင်စုက စီမံဆောင်ရွက်လျက်ရှိသော လုံခြုံရေး၊ စီးပွားရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ သယံဇာတ တူးဖော်ထုတ်လုပ်ရေး၊ သစ်တောများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာစီမံကိန်းများကို မထိခိုက်စေဘဲ မိမိတို့နယ်မြေရဲ့ လုံခြုံရေး၊ လူဦးရေတိုးတက်မှု၊ စားနပ်ရိက္ခာရရှိနိုင်မှု၊ လမ်းပန်းဆက်သွယ်ရေး၊ ရာသီဥတု အခြေအနေများနဲ့ ကိုက်ညီသင့်တော်မယ့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ ဖော်ထုတ်ရေးကို ဆောင်ရွက်စေသင့်ပါတယ်။ ဒါကြောင့် ပြည်ထောင်စု၏ ဥပဒေများနှင့် မဆန့်ကျင်စေဘဲ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ ဖော်ထုတ်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများသို့ ဆောင်ရွက်ခွင့်ပြုသင့်ကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

ထည့်သွင်းသင့်

ဆက်လက်ပြီး ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ ဖော်ပြသင့်တဲ့–

၁။ ကြေးတိုင်နှင့် မြေစာရင်း၊
၂။ မြေတိုင်း၊
၃။ ပြည်ထောင်စုက စီမံခန့်ခွဲသည့် ဆည်မြောင်း၊ တာတမံနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊
၄။ မိုးလေဝသ၊ ဇလဗေဒနှင့် မြေငလျင်တိုင်းတာရေး၊
၅။ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း
၆။ စက်မှုလယ်ယာ၊
၇။ စိုက်ပျိုးရေးသုတေသန၊
၈။ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်ရေး

ကိစ္စများအတွက် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ အာဏာအပ်နှင်းထားခြင်းဟာ လျော်ကန်သင့်မြတ်ပါတယ်” ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန်

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့တို့ပါဝင်သည့် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်က “ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံပဲ ဖြစ်ပါတယ်။ လူဦးရေရဲ့ ၈၀ရာခိုင်နှုန်းဟာလည်း တောင်သူလယ်သမားများ ဖြစ်ကြပါတယ်။ လယ်ယာစိုက်ပျိုးရေးရဲ့ ရည်မှန်းချက်များမှာ ပြည်တွင်းစားနပ်ရိပ်က္ခာဖူလုံစေရေးအတွက် သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန် ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများအတွက် လိုအပ်သော ကုန်ကြမ်းသီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်နဲ့ ပြည်ပသို့ လယ်ယာထွက်ကုန်သီးနှံများ ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်ပါတယ်။ ထို့ပြင် နယ်စပ်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်မယ့် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း တိုးချဲ့ရန်ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ ဒေသဆိုင်ရာ တောင်သူလယ်သမား၊ ခြံရှင်ဦးကြီးများ ဒေသအလိုက် စိုက်ပျိုးထုတ်လုပ်တဲ့ သီးနှံနဲ့ပတ်သက်ပြီး စိုက်ပျိုးရေး သုတေသနကိစ္စကို ဆွေးနွေးတင်ပြသွားပါမယ်။

နေ့တိုင်းလှိမ့်ဝင်လာ

နိုင်ငံတော်ဟာ စပါး၊ကြံ၊ဝါ၊ ပဲသီးနှံများကို အထူးဂရုပြုပြီး အထွက်တိုးအောင် စီမံဆောင်ရွက်လျက် ရှိပါတယ်။ နိုင်ငံတော်အတွင်း ဖူလုံစွာ စားသောက်နိုင်ဖို့၊ ပိုတာ နိုင်ငံခြားတိုင်းပြည်များသို့ တင်ပို့ရောင်းချနိုင်ဖို့ ဖြစ်တဲ့အတွက် ကြိုးဆိုရမှာဖြစ်ပါတယ်။ သို့သော်လည်း အချို့သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှာ အထက်ပါ စပါး၊ ကြံ၊ ဝါ၊ ပဲသီးနှံများ စိုက်ပျိုးရန် အခြေအနေမပေးပါ။ တောင်တန်းဒေသဖြစ်တဲ့အတွက် မြေပြန့်လွင်ပြင် အလွန်ရှားပါးပါတယ်။ အချို့နေရာမှာ

နိုင်ငံများမှ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများဟာ မိမိတို့ဒေသထွက်ကုန်ပစ္စည်းများကို လွှမ်းမိုးသွားပါလိမ့်မယ်။ နိုင်ငံတော်ကိုပဲ အားမကိုးဘဲ မိမိတို့ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ စတင်ဆောင်ရွက်သွားကြရပါမယ်။ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်မှာ သော်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုမှာ သော်လည်းကောင်း မိမိတို့ဒေသနှင့် ကိုက်ညီမယ့် ကောက်ပဲသီးနှံများ၊ စိုက်ပျိုးရေးသုတေသနများကို ပြည်ထောင်စုဥပဒေနဲ့ မဆန့်ကျင်စေဘဲ ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးခြင်းအားဖြင့် နိုင်ငံတော်မှာလည်း တစ်ဖက်တစ်လမ်းက အကျိုးပြုနိုင်မှာဖြစ်ပါတယ်။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ပြုစုတင်ပြထားတဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍပါ ကိစ္စရပ်များနဲ့စပ်လျဉ်း၍ ပြည်ထောင်စုဥပဒေပြုစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်ပါဝင်ရမယ့် အချက်အလက်များသည် ဆီလျော်သင့်မြတ်တဲ့အတွက် အခြေခံဥပဒေရေးဆွဲရာမှာ အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါတယ်” ဟု အကြံပြုတင်ပြသွားပါကြောင်း။

ဆွေးနွေးတင်ပြ

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့က–

“စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်တွေနဲ့စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အချက်(၁၁)ချက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်ဟုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရန် အချက်(၇)ချက်ကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်”ဟုလည်းကောင်း၊ ဆွေးနွေးတင်ပြသွားပါကြောင်း။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ⇨

မြန်မာ့ရုပ်မြင်သံကြား
အစီအစဉ်

၂၀-၂-၂၀၀၅
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာ တော်ကြီး နိုင်ငံတော် သ မဟာနာယကအဖွဲ့ အဂ တော်ဆောင်ချုပ်၊ အဘိ မဟာရဋ္ဌဂုရု၊ အဘိဓဇ မဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလ
၈:၁၀ ၆။ အတီးပြိုင်ပွဲ
၈:၂၀ ၇။ ဆွာချောင်းရေလှောင်တမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Say it in English.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတ သတင်းစဉ်
၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ပန်းမေတ္တာ (အပိုင်း–၁၃)**
၁၂:၁၅ ၅။ ရွှေလီတံတား
၁၂:၃၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း “ပြုံးနေတဲ့ပွင့်ဖတ်ကလေး (ဇာနည်၊ စိုးမြတ်နန္ဒာ၊ နှင်း ရည်သောင်း၊ ခိုင်နှင်းဝေ၊ ချောချစ်) (ဒါရိုက်တာ–မောင်မျိုးမင်**
၂:၂၅ ၇။ တေးဂီတအစီအစဉ်
၂:၃၅ ၈။ စွန်ချောင်းရေလှောင်တမံ
၂:၄၅ ၉။ International News.
၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ သာယာချိုအေး(၃၈)ဖြာမင်္ဂ
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာ ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာ တေးသံသာ
၅:၃၀ ၇။ လက်ဆင့်ကမ်းပေး ဂီတတေ
၅:၃၅ ၈။ တေးဂီတအစီအစဉ်
၅:၅၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငပ (အပိုင်း–၅၆) ဇာတ်သိမ်းပိုင်း**
၇:၃၀ ၁၃။ တေးဂီတအစီအစဉ်
၇:၄၀ ၁၄။ စိုက်ပျိုးစွမ်းအားပြည်ထွန်း
၇:၄၅ ၁၅။ အမျိုးသားညီလာခံဂုဏ်ပြုတေ
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်သံသရာ” (အပိုင်း–၂၀)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

တရားဝင် တန်ဖိုးဖြတ်သတ်မှတ်ပေးထားသော တန်ဖိုးနည်းကျောက်မျက်ရတနာများနှင့်ပတ်သက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ စီမံခန့်ခွဲမှု အာဏာများ ခွဲဝေပေးသင့်ကြောင်း အကြံပြု

❋ ဥပဒေပြုရေးဆိုင်ရာမှ
အကြံပြုတင်ပြချက်များအပေါ် သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်ကို ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား—

၂၀၀၄ခုနှစ်၊ မေလ ၁၉ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက—

"စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍဆိုင်ရာ ကိစ္စရပ်များကို ဆက်လက် ရှင်းလင်းတင်ပြရလျှင် မြေ၊ ရေ၊ လေ၊ သယံဇာတပစ္စည်းများနှင့် စပ်လျဉ်း၍—

(၁) နိုင်ငံတော်သည် နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။

(၂) နိုင်ငံတော်သည် နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းမည်ဟု အမျိုးသားညီလာခံက အခြေခံရမည့်မူ ချမှတ်ပေးထားပါကြောင်း။"

ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ပါရှိသင့်သည့် စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍပါ ကိစ္စရပ်များကို စုစည်းတင်ပြရမယ်ဆိုပါက—

၁။ ရေနံသဘာဝဓာတ်ငွေ့နှင့် ပြည်ထောင်စုဥပဒေအရ ဘေးအန္တရာယ်ဖြစ်လောက်အောင် လောင်ကျွမ်းစေတတ်သည်ဟု သတ်မှတ်ထားသော အခြားအရည်အခဲစသည်များ၊

၂။ ပြည်ထောင်စုလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေး၊

၃။ သတ္တုများ၊ သတ္တုတွင်းများ၊ သတ္တုတွင်းအလုပ်သမား ဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး၊

၄။ ကျောက်မျက်ရတနာ၊

၅။ ပုလဲ၊

၆။ သစ်တော၊

၇။ တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများ အပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ထိန်းသိမ်းရေးတို့ဖြစ်ကြောင်း။

ဖော်ပြပါ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍအောက်တွင် ပါရှိသင့်သည့်ကိစ္စရပ်များသည်နိုင်ငံတစ်ဝန်းလုံးနှင့်အကျုံးဝင်နေပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် နယ်နိမိတ်တစ်ခုနှင့် တစ်ခုအကြား ဆက်စပ်တည်ရှိနေသည့် ကိစ္စရပ်များ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖော်ပြပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုရန်လိုအပ်ပါက ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်၊ မသင့် ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုနိုင်ကြရန် ရှင်းလင်းတင်ပြအပ်ပါကြောင်း။

အကျဉ်းချုံးတင်ပြပြီး

ယခုဆိုလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍပါကိစ္စရပ်များကို အကျဉ်းချုံးရှင်းလင်း တင်ပြပြီးဖြစ်ပါကြောင်း၊ ယင်းတို့ကို စုစည်းတင်ပြရမည်ဆိုပါက—

၁။ ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစား၊ အလတ်စား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး၊

၂။ ဆားနှင့် ဆားထွက်ပစ္စည်း၊

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်း၊

၄။ ကျေးရွာပိုင်ထင်းစိုက်ခြင်း၊

၅။ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်တို့ဖြစ်ပါကြောင်း။

ဖော်ပြပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဥပဒေပြုရန်လိုအပ်လာပါက ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရန်အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်မသင့် ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုကြရန် ရှင်းလင်းတင်ပြအပ်ပါကြောင်းကို ရှင်းလင်းပြောကြားသွားခဲ့ပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား—

ယင်းရှင်းလင်းချက်နှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံအစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် နိုင်ငံရေးပါတီ ခုနစ်ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက—

"စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍနှင့်ပတ်သက်၍ အထူးဆွေးနွေးရန် မရှိကြောင်းတင်ပြပါတယ်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ချမှတ်သင့်

ယင်းကိုယ်စားလှယ်အစုအဖွဲ့တွင် ပါဝင်သည့် ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က—

"စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍပါ ကိစ္စရပ်ခုနစ်ရပ်လုံး အမျိုးသားညီလာခံက ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းရန် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍဆိုင်ရာ ငါးချက်တို့ကို အသေးစိတ်အခြေခံရမည့် မူများအဖြစ်ချမှတ်သင့်ပါကြောင်း"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့က—

"စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောဆိုင်ရာ ကိစ္စရပ်များကို တင်ပြလိုကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ပါရှိသင့်သည့် စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍပါ ကိစ္စရပ်များကို စုစည်းတင်ပြထားသည်ကို တွေ့ရပါကြောင်း။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များမှာ ဆီလျော်သင့်တော်သည့်အတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

အလားတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍပါကိစ္စရပ်များကို စုစည်းတင်ပြထားသည့် အချက် ငါးချက်သည်လည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း"ဟုဆွေးနွေးတင်ပြသွားပါကြောင်း။

အဆိုပါ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့်လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက—

"စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍနှင့် ပတ်သက်ပြီး ပြည်ထောင်စုဥပဒေပြု စာရင်းတွင်ဖော်ပြထည့်သွင်းသင့်သည့်အချက် ခုနစ်ချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြု စာရင်းတွင် ဖော်ပြထည့်သွင်းသင့်သည့် အချက်ငါးချက်၊ အသီးသီးကဏ္ဍအလိုက်၊ အဆင့်အလိုက် ဥပဒေပြုရန်လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းနိုင်ရန်အတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်သည်မှာ ဆီလျော်သင့်မြတ်ပါကြောင်း ဆွေးနွေးတင်ပြပါကြောင်း"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ဖြည့်စွက်ရန်မရှိ

ယင်းကိုယ်စားလှယ်အစုအဖွဲ့တွင် ပါဝင်သည့် ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်က—

"စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍနှင့် စပ်လျဉ်း၍ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်ကြောင်း အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းချက်အပေါ် ထပ်မံဖြည့်စွက် ဆွေးနွေးအကြံပြုရန် မရှိပါဟုလည်းကောင်း။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားသည့် အချက်ငါးချက်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်"ဟုလည်းကောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

အဆိုပါ ကိုယ်စားလှယ်များအစု အဖွဲ့တွင် ပါဝင်သည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက "မြေ၊ ရေ၊ လေ၊ သယံဇာတ၊ ပစ္စည်းများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံက အောက်ပါအခြေခံမူများ ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း။

(၁) နိုင်ငံတော်သည် နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ် ရေအောက်၊ လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်း ပိုင်ရှင်ဖြစ်သည်။

(၂) နိုင်ငံတော်သည် နိုင်ငံပိုင် သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းမည်ဟု ပါရှိပါကြောင်း။

အထက်ဖော်ပြပါ ချမှတ်ပြီးအခြေခံမူများအရ နိုင်ငံပိုင်သယံဇာတပစ္စည်းများကို စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲရေးကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ လုပ်ပိုင်ခွင့်ခွဲဝေအပ်နှင်းထားသည့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌကြီး၏ ရှင်းလင်းဖော်ပြထားချက်အပေါ် ဖြည့်စွက်အကြံပြုရန် မရှိပါကြောင်း တင်ပြအပ်ပါကြောင်း"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်သည့် "ဝ"အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် ပြည်ထောင်စုဥပဒေပြု စာရင်းတွင် ပါရှိသင့်သည့် စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍပါ ကိစ္စရပ်ခုနစ်ရပ်နှင့် စပ်လျဉ်း၍ နောင်ဥပဒေပြုရန် လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်းဟုလည်းကောင်း။

လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြပါရှိသင့်သည့် စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍပါ ကိစ္စရပ်ငါးရပ်အား ဥပဒေပြုရန် လိုအပ်လာလျှင် ဥပဒေအဖြစ် ပြဋ္ဌာန်းပေးနိုင်ရန် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်" ဟုလည်းကောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား—

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့အနက် အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း ငါးစောင်အနက်—

– တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်၊

– မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့၏ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် ယင်းတို့၏ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ကြပြီးဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရပါကြောင်း။

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြသည့် ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းတို့က—

"စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍနှင့်ပတ်သက်ပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များသည် ပြည့်စုံမှုရှိပြီးဖြစ်ပါ၍ ထပ်မံဖြည့်စွက် အကြံပြုရန်မရှိပါကြောင်း၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍဆိုင်ရာ မူခုနစ်ချက်အား ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း"ဟုလည်းကောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းနှင့် ပတ်သက်၍ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌမှ ရှင်းလင်းပြောကြားခဲ့သည့် မူများအနေဖြင့် ကြောင်းကျိုးဆီလျော်မှုရှိပါသဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်"ဟုလည်းကောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

အကြံပြုတင်ပြ

ထို့ပြင် သီးခြားအကြံပြုချက်အနေနှင့် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ ပါသင့်သည့် အကြောင်းအရာကိစ္စများနဲ့ပတ်သက်၍ ဆက်လက်အကြံပြု တင်ပြလိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်တို့မှာ တစ်ခုနှင့်တစ်ခု အမှီသဟဲပြု ဆက်စပ်လျက်ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်အခြေအနေကောင်း မရှိပါက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စိတ်တိုင်းကျဆောင်ရွက်နိုင်မှာ မဟုတ်ပါကြောင်း၊ နိုင်ငံတော်၏ သစ်တောသယံဇာတများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် အနီးကပ် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ခွင့်ကို ပေးအပ်ထားခြင်းအားဖြင့် ရေရှည်တွင် အကျိုးစီးပွားဖြစ်ထွန်းလာနိုင်ဖွယ်ရာရှိပါကြောင်း။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သဘာဝသစ်တောထိန်းသိမ်းရေး၊ စီးပွားဖြစ်သစ်တောများ ပြုစုပျိုးထောင်ရေး၊ နိုင်ငံတော်မှ တားမြစ်ထားသော သစ်အမျိုးအစားများမှအပ အခြားသစ်နှင့် သစ်တောထွက်ပစ္စည်းများ ဝယ်ယူရောင်းချခြင်းဆိုင်ရာ ကိစ္စများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအား ပြည်ထောင်စုဥပဒေနဲ့ မဆန့်ကျင်စေဘဲ သင့်တော်သလို စဉ်းစားဆောင်ရွက်ပေးသင့်ပါကြောင်း ရိုးသားစွာ အကြံပြုတင်ပြအပ်ပါကြောင်း"ဟု အကြံပြုတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က "ရေနံရှာဖွေရေး၊ တူးဖော်ထုတ်လုပ်ရေး၊ ရောင်းဝယ်ရေး အစရှိသည့် လုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံမှု အမြောက်အမြားလိုအပ်သလို နိုင်ငံခြားတိုင်းပြည်များနှင့်ပါ ကုန်သွယ်မှုဆက်စပ်နေသည့်အပြင် နိုင်ငံတော်၏လုံခြုံရေး၊ စီးပွားရေးအတွက် အရေးကြီးသည့် ကိစ္စရပ်များလည်းဖြစ်ကြောင်း၊ ယင်းကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေပြုခွင့်အာဏာကို ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ပါရှိခြင်းမှာ လျော်ကန်သင့်မြတ်ပါကြောင်း၊ ရေနံထွက်နှုန်းနည်းပါးသည့် ဒေသများကို ပြည်ထောင်စုက စီမံခန့်ခွဲမည့်အစား သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များက စီမံဆောင်ရွက်သင့်ပါကြောင်း၊ ထို့ကြောင့် ထွက်နှုန်းနည်းပါးပြီး နိုင်ငံတော်မှဆောင်ရွက်ရန် မသင့်သည့် ရေနံရှာဖွေထုတ်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်ထောင်စုဥပဒေဖြင့် မဆန့်ကျင်စေဘဲ စီမံခန့်ခွဲမှုအာဏာကို တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ခွဲဝေပေးသင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စု လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းသင့်ပါကြောင်း။

နိုင်ငံတော်က စီမံဆောင်ရွက်ရန် မသင့်သည့် သတ္တုသိုက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ စီမံဆောင်ရွက်သင့်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဥပဒေနှင့် မဆန့်ကျင်စေဘဲ စီမံခန့်ခွဲမှုအာဏာကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခွဲဝေပေးသင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုမှ စီမံဆောင်ရွက်ရန် မလိုအပ်သည့် ကျောက်မျက်ရတနာများအပေါ် စီမံခန့်ခွဲနိုင်ရန်အတွက် ပြည်ထောင်စု၏ ဥပဒေနှင့်မဆန့်ကျင်စေဘဲ တရားဝင် တန်ဖိုးဖြတ် သတ်မှတ်ပေးထားသော တန်ဖိုးနည်း ကျောက်မျက်ရတနာများနှင့် ပတ်သက်၍ ပြည်နယ်နှင့်တိုင်း ဒေသကြီးများသို့ စီမံခန့်ခွဲမှုအာဏာများ ခွဲဝေပေးသင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း၊ ပုလဲနှင့်ပတ်သက်၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းသင့်ပါကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

● စာမျက်နှာ ၁၀ မှ

သစ်တောများသည် မြန်မာနိုင်ငံ၏ ရတနာများဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးမှာအရေးပါသည့် ကဏ္ဍကပါဝင်သကဲ့သို့ နိုင်ငံခြားဝင်ငွေ ရရှိရန်အတွက်လည်း အထူးအထောက်အကူပြုသည့် ထွက်ကုန်တစ်ခုလည်းဖြစ်ပါကြောင်း၊ သစ်တောများ မပျက်စီးအောင်ထိန်းသိမ်းရေး၊ စနစ်တကျ ထုတ်ယူသုံးစွဲရေး၊ ထပ်မံစိုက်ပျိုးရေး၊ တိုးချဲ့စိုက်ပျိုးရေးများကို စနစ်တကျ ဆောင်ရွက်နိုင်မှသာ သစ်တောများသည် ရေရှည်တည်တံ့နိုင်မှာဖြစ်ကြောင်း၊ သစ်တောများ ရှိနေခြင်းသည် ရာသီဥတု ညီညွတ်မျှတရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက်လည်း အလွန်အရေးကြီးလှပါကြောင်း၊ ထို့ကြောင့် သစ်တောနှင့်ဆိုင်သည့် ဥပဒေများကို ပြည်ထောင်စုကြီးတစ်ခုလုံးအကျိုးအတွက် ပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုစာရင်းမှာ ထည့်သွင်းထားခြင်းမှာ လျော်ကန်သင့်မြတ်ပါကြောင်း၊ သို့သော်လည်း သစ်တောများသည် မြန်မာနိုင်ငံအနှံ့အပြား ပေါက်ရောက်လျက်ရှိပါကြောင်း၊ အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ သစ်တောဧရိယာများ အများအပြား ရှိနေဆဲဖြစ်ပါကြောင်း၊ ယင်းသို့ရှိနေသည့် သစ်လုပ်ငန်းသည် အဲဒီဒေသများ၏ အဓိကစီးပွားရေးလုပ်ငန်းများအနက် တစ်ခုပါဝင်နေပါကြောင်း၊ သက်ဆိုင်ရာ နယ်မြေများမှာလည်း ယင်းသစ်တောများမှ အကျိုးအမြတ်များကို နယ်မြေဒေသဖွံ့ဖြိုးရေးအတွက် အသုံးပြုလိုမှာဖြစ်ပါကြောင်း၊ သူတို့၏နယ်မြေအတွင်း သစ်တောများ၏ အင်အားနှင့် နယ်မြေတိုးတက်အောင် လုပ်ချင်မှာဖြစ်ကြောင်း၊ သစ်တောများမှာ ပေါက်ရောက်နေသည့်သစ်များမှာ နိုင်ငံအတွက် အရေးကြီးသည့် ကျွန်းနှင့် သစ်မာများ ရှိသကဲ့သို့ ဒေသသုံးသစ်များလည်း ပေါက်ရောက်လျက်ရှိပါကြောင်း၊ ယင်းသို့ သစ်မျိုးများကို သက်ဆိုင်ရာနယ်မြေအတွက် ဘဏ္ဍာငွေများရရှိစေရန် အဆင်ပြေစေရေးအတွက် လိုအပ်သည့်စီမံခန့်ခွဲမှု အာဏာများကို တိုင်းနှင့်ပြည်နယ်များသို့ ခွဲဝေပေးသင့်ကြောင်း အကြံပြုတင်ပြလိုပါကြောင်း။

တချို့တိုင်းနှင့် ပြည်နယ်များမှာ တောရိုင်းတိရစ္ဆာန်တစ်မျိုးမှာ မျိုးတုံးပျောက်ကွယ်လုရှိနေသော်လည်း တချို့တိုင်းနှင့် ပြည်နယ်များမှာ အဆမတန်များပြားနေတာမျိုးဖြစ်နိုင်ပါကြောင်း၊ ယင်းအခါ ပြည်ထောင်စုအဆင့်မှာ တစ်ပြေးညီပုံစံနှင့် ဥပဒေများထုတ်ပြန်ပြဋ္ဌာန်းခဲ့လျှင် လက်တွေ့တွင် အကျိုးဖြစ်ထွန်းနိုင်မှာမဟုတ်ကြောင်း၊ ယင်းသို့ ကွဲပြားခြားနားသည့် အခြေအနေမျိုးများကို ဖြေရှင်းနိုင်ရန်အတွက် ပကတိဖြစ်ပျက်နေသည့်အကြောင်းအရာတွေနှင့် အနီးစပ်ဆုံးဖြစ်သည့် တိုင်းနှင့် ပြည်နယ်များကသာ တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများအပါအဝင်၊ ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး ကိစ္စရပ်များနှင့် ပတ်သက်၍ တာဝန်ယူဖြေရှင်းသင့်ပါတယ်”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ကြောင်းကျိုးဆီလျော်

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် ရှမ်းပြည်နယ် မြောက်ပိုင်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးထွန်းကျော်က—

“အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ပြုစုတင်ပြထားသော စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းရမည့် ကိစ္စရပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့ မဟုတ် ပြည်နယ်ဥပဒေပြု စာရင်းတွင် ထည့်သွင်းရမည့် ကိစ္စများသည် ကြောင်းကျိုးဆီလျော်ပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်း”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား—

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့က—

“စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍအောက်မှာပါရှိ သင့်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ဥပဒေပြုရန်လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စုဥပဒေပြု စာရင်းတွင် ဖော်ပြရန်အသေးစိတ်အခြေခံရမည့် မူများ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း”ဟုလည်းကောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုရန်နှင့် လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း ထောက်ခံတင်ပြအပ်ပါတယ်” ဟုလည်းကောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

သီးခြားအကြံပြု

ထို့အပြင် သီးခြားအကြံပြုချက်များအနေနှင့်—

“ပင်လယ်ကမ်းရိုးတန်းမိုင်ပေါင်း ၁၃၇၅ခန့် ရှည်လျားစွာ ပိုင်ဆိုင်ထားသည့် မိမိတို့နိုင်ငံမှာ အတတ်ပညာနှင့် အရင်းအနှီးရှိလာလျှင် ပင်လယ်က သတ္တုများစွာ ရနိုင်ပါကြောင်း၊ Continental Shelf ခေါ်သည့် ကမ်းဦးရေတိမ်ပိုင်း ပင်လယ်ကြမ်းပြင်မှာ အဖိုးတန်သယံဇာတများ များစွာရှိကြောင်း၊ ပင်လယ်ရေကုဗတစ်မိုင်အတွင်းမှာ အဖိုးထိုက်တန်သည့် ဓာတ်သတ္တုမျိုးစုံ များပြားစွာရရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် အမိနိုင်ငံတော်၏ ပင်လယ်ပိုင်နက်မှ အဖိုးတန် သတ္တုရတနာများကို ထုတ်ယူသုံးစွဲနိုင်အောင် တက္ကသိုလ်များမှ အဏ္ဏဝါသိပ္ပံ ဘာသာရပ်ကို ယခုဦးစားပေးပြီး သင်ကြားနေတာသိရကြောင်း၊ ခေတ်မီအဆင့်မြင့်မားသည့် နည်းပညာများ ကျွမ်းကျင်အောင် ဦးစားပေးသင်ကြားစေပြီး ယင်းပင်လယ်သယံဇာတများကို ပြည်ထောင်စုက ထုတ်ယူသုံးစွဲနိုင်အောင် စီမံသင့်ပါကြောင်း ဖြည့်စွက်အကြံပြုတင်ပြအပ်ပါကြောင်း။

ထို့အပြင်စက်မှုကဏ္ဍထွန်းကားလာခြင်း၊စက်တပ်ယာဉ်များ တိုးတက်များပြားလာခြင်း၊ အိုးအိမ်အဆောက်အအုံ များပြားခြင်း၊ လူဦးရေများ တိုးတက်လာခြင်းတို့ကြောင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု ဖြစ်လာနိုင်ပါကြောင်း၊ ထို့ကြောင့် ရပ်ကွက်၊ ကျေးရွာနှင့် မြို့ပြများတိုးချဲ့ရာတွင် ရပ်ကွက်၊ ကျေးရွာ၊ မြို့ပြနယ်နိမိတ်၏ ၂၅ရာခိုင်နှုန်းခန့်ကို မြေလပ်၊ မြေကွက်များ ထားရှိသင့်ပါကြောင်း၊ ၎င်းမြေကွက်၊ မြေလပ်များတွင် သစ်ပင်များ၊ ပန်းခြံများ၊ အပန်းဖြေ ဥယျာဉ်များ ထားရှိခြင်းဖြင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကို ကာကွယ်နိုင်မှာဖြစ်ခြင်းကြောင့် မြို့ပြသစ်တောများ ထူထောင်ခြင်း (Urban Forestation)နှင့် စပ်လျဉ်း၍ သစ်တောဥပဒေပြဋ္ဌာန်းသည့်အခါမှာ ထည့်သွင်းဖော်ပြသင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်းဟု အကြံပြုဆွေးနွေးသွားပါကြောင်း။

ထောက်ခံတင်ပြ

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား—

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့က—

“စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍဆိုင်ရာ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် ကိစ္စရပ်ခုနစ်ရပ်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် ကိစ္စရပ်ငါးရပ်တို့ကို အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်း”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား—

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က “စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားသည့် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်မည့် အချက်ခုနစ်ချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် အချက်ငါးချက်တို့ကို အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား—

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က “စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍမှာ ပါရှိရမယ့်ကိစ္စရပ်ခုနစ်ရပ်ကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်ဟုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့်ကိစ္စရပ်ငါးရပ်ကို ဖော်ပြသင့်ကြောင်း ထောက်ခံတင်ပြအပ်ပါတယ်”ဟုလည်းကောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

ချမှတ်သင့်

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား—

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့က “အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားသည့် စွမ်းအင်၊လျှပ်စစ်၊သတ္တုနှင့် သစ်တောကဏ္ဍနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ဖော်ပြသင့်တဲ့ အချက်ခုနစ်ချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ ဖော်ပြသင့်သည့်အချက်ငါးချက်တို့ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း” ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား—

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့က—

“ပြည်ထောင်စုဥပဒေပြုစာရင်းပါအချက်ခုနစ်ချက်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြု စာရင်းပါအချက်ငါးချက်တို့ဟာ လျော်ကန်သင့်မြတ်သည့်အတွက် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ထောက်ခံတင်ပြလိုပါကြောင်း။

ကာကွယ်ရေးကဏ္ဍကိုအကြံပြုရာ၌ အဏုမြူစွမ်းအင်နှင့်ပတ်သက်သော အခြေခံမူအား စွမ်းအင်၊ လျှပ်စစ်နှင့် သစ်တောကဏ္ဍတွင် ထည့်သွင်းဖော်ပြသင့်ကြောင်း အကြံပြုတင်ပြခဲ့ကြပါကြောင်း၊ ထို့ကြောင့် အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့် ယင်းတို့ကို ဖြစ်ထွန်းစေသော ဓာတ်သတ္တု ပင်ရင်းအခြေအမြစ်များတွင် အတတ်ပညာများဟူသော စကားရပ်အား ထပ်မံဖြည့်စွက်ပြီး အသေးစိတ်အခြေခံမူတစ်ရပ်အဖြစ် ထည့်သွင်းပေးပါရန်နှင့် ဆေးဖက်ဝင်အပင်များ၊ ရှားပါးအပင်များ၊ မျိုးတုံးရန် အန္တရာယ်နှင့် ကြုံတွေ့နေရသော အပင်နှင့် တိရစ္ဆာန်များ ကာကွယ်ထိန်းသိမ်းရေး၊ စောင့်ရှောက်ရေးအချက် ထပ်မံဖြည့်စွက်ပေးပါရန် အကြံပြုတင်ပြအပ်ပါကြောင်း။

ထည့်သွင်းစဉ်းစား

နိုင်ငံတော်အဆင့် ပြည်ပကုမ္ပဏီများနှင့်ပူးပေါင်း၍ စီးပွားဖြစ်ထုတ်လုပ်နိုင်သော လုပ်ငန်းများမှအပ ဒေသအတွင်း စီးပွားဖြစ်ထုတ်လုပ်နိုင်ခြင်းမရှိသည့် အနည်းငယ်မျှထွက်ရှိသော ရေနံ၊ သဘာဝဓာတ်ငွေ့များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အာဏာပိုင်များက ထုတ်လုပ်နိုင်သည့် လုပ်ပိုင်ခွင့်များကို နိုင်ငံတော်မှ ဥပဒေပြုပြဋ္ဌာန်းရာတွင် ထည့်သွင်းစဉ်းစားပေးပါရန် အကြံပြုတင်ပြ အပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာပါရှိသည့် အသေးစိတ်အခြေခံရမယ့်မူများမှ အောက်ပါအချက်များကို စကားရပ်အစားထိုးပြင်ဆင်ပေးနိုင်ပါရန် အကြံပြုတင်ပြအပ်ပါကြောင်း။

အမှတ်စဉ်(၁) ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစား၊ အလတ်စား၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ ဟူသော စကားရပ်အစား **ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ** ဟူသော စကားရပ်ခြင်းလည်းကောင်း၊

အမှတ်စဉ်(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဟူသောစကားရပ်အစား **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်း ကျောက်မျက်ရတနာများ ရှာဖွေတူးဖော်ခြင်း၊ ရောင်းချခြင်း၊ ဖြတ်တောက်ခြင်း၊ အချောကိုင်ခြင်း၊ ရတနာပြပွဲပြုလုပ်ခြင်း** စကားရပ်ဖြင့်လည်းကောင်း။

အမှတ်စဉ်(၄) ကျေးရွာပိုင် ထင်းစိုက်ခင်း ဟူသောစကားရပ်အစား **ကျေးရွာပိုင် ထင်းစိုက်ခင်း၊ အစုအဖွဲ့ပိုင်စိုက်ခင်း၊ ပုဂ္ဂလိကပိုင်စိုက်ခင်း** စကားရပ်ဖြင့်လည်းကောင်း၊

အမှတ်စဉ်(၅) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် စကားရပ်အစား **အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်များ၊ ရုက္ခဗေဒဥယျာဉ်များ၊ ပရဆေးပင်စိုက်ပျိုးခြင်း၊ ကျွန်းအပါအဝင် ပုဂ္ဂလိကပိုင်သစ်တောစိုက်ခင်း** စကားရပ်ဖြင့် လည်းကောင်း အသီးသီးပြင်ဆင်ဖြည့်စွက်ပြီး **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ လုပ်ပိုင်ခွင့်ရရှိရေးအတွက် နိုင်ငံတော်မှ ဥပဒေပြဋ္ဌာန်းရာတွင် အထက်ဖော်ပြပါအချက်များကို ထည့်သွင်းစဉ်းစားပေးပါရန်** အကြံပြုတင်ပြအပ်ပါကြောင်း

ဟု ဆွေးနွေးတင်ပြသွားပါကြောင်း ကောက်နုတ်ဆွေးနွေးတင်ပြသည်။

(သတင်းစဉ်)

ငမိုးရိပ်ချောင်းဖြတ် ရေငုတ်ပြွန် တည်ဆောက်မှု မြို့တော်ဝန်စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုး လိုက်ပါလျက် ယနေ့နံနက်က ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) လုပ်ငန်းခွင်၏ အစိတ်အပိုင်းဖြစ် သည့် မှော်ဘီမြို့နယ် ကလီထော်(အနောက်) ကျေးရွာအနီး၌ ငမိုးရိပ်ချောင်းဖြတ် ရေငုတ်ပြွန်လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိရာ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ဌာနမှူးဦးသောင်းရင်၊ရာဖြတ်ဌာန ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်း၊ ရေငုတ်ပြွန် တည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာ ဦးလှထွန်းတို့က လုပ်ငန်းဆောင်ရွက် နေမှုကို ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)**

စစ်ဆေး

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် အထယုကျေးရွာအနီးသို့ရောက်ရှိလာပြီး ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)အတွက် အနယ်စစ်ကန် ပိုင်ရိုက်နေမှု၊ ရေတွန်းစက်ရုံတည်ဆောက်ရန် မြေသားများ တူးဖော်နေမှုကို စစ်ဆေးရာ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဌာနမှူး ဦးဇော်ဝင်း၊ ဒုတိယဌာနမှူး ဦးစိန်ဝင်းတို့က လုပ်ငန်းများဆောင်ရွက်မှု အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် မြို့တော်ဝန်က လုပ်ငန်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အလေအလွင့်မရှိစေရေး၊ လုပ်ငန်းများတွင် စံချိန်စံညွှန်း ပြည့်ဝစွာဆောင်ရွက်ရန်မှာကြားသွားသည်။

(၁၉)

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး ဂုဏ်ပြုဝိသိဋ္ဌပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၆ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။ ယင်းအခမ်းအနားတွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ကျောက်ပန်းတောင်းဇာတိ ဆရာတော်ကြီးလေးပါးတို့အား ဂုဏ်ပြုဝိသိဋ္ဌပူဇော်ခြင်း၊ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်ခြောက်ဦးတို့အား ထပ်ဆင့်ဂုဏ်ပြုခြင်း၊ ပါရဂူဘွဲ့ရသူများ၊ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းတို့ကို တစ်ပါတည်းကျင်းပမည်ဖြစ်သည်။

ပညာရည်ချွန်ဆုအတွက် အမှတ်စာရင်း အထောက်အထားမိတ္တူများကို ဦးမောင်မောင် ဖုန်း–၅၈၀၇၁၄၊ ဦးဇော်လင်း ဖုန်း–၅၇၂၁၆၂၊ ဦးမောင်မောင်လှ ဖုန်း–၃၈၄၅၆၇၊ ဗိုလ်ကြီးမောင်ဝင်း ဖုန်း– ၃၈၂၇၄၁၊ ဦးမြင့်လွင် ဖုန်း–၅၁၀၄၅၂၊ ဦးအေးလွင် ဖုန်း–၆၆၆၄၅၆ တို့သို့ဆက်သွယ်ပေးပို့ကြရန် နှိုးဆော်ထားသည်။

(က–ပ)

➩ စာမျက်နှာ ၉ မှ

ထို့အပြင် သီးခြားအကြံပြုချက်များအနေနှင့် "တိရစ္ဆာန်ကူးစက်ရောဂါဖြစ်ပွား ကျရောက်ပါက အရေးပေါ်ကာကွယ်ထိန်းချုပ်ရေးနှင့် ရောဂါဖြစ်ပွားမှု အခြေအနေများကို အပြည်ပြည်ဆိုင်ရာ တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ်သို့ အလျင်အမြန် သတင်းပို့ရပါတယ်။ ထို့အတူ ကူးစက်စေတတ်သော တိရစ္ဆာန်ရောဂါများ ထိန်းချုပ်ရေးအတွက် ကာကွယ်ဆေးအသစ်များနှင့် ကုသဆေးအသစ်များကို သုံးစွဲနိုင်ရေးအတွက် နိုင်ငံတော်အဆင့်မှသာ သုတေသနပြု ထုတ်လုပ်ရမှာဖြစ်ပါတယ်။ ရောဂါဖြစ်ပွားကျရောက်ပါက အိမ်နီးချင်းနိုင်ငံများသို့လည်းကောင်း၊ နယ်နိမိတ်ချင်းထိစပ်နေသော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များသို့ လည်းကောင်း၊ ရောဂါဆက်လက်မပျံ့နှံ့ရန် ရောဂါကာကွယ်ရေးနှင့် ကုသရေးတို့ကို ချက်ချင်းဆောင်ရွက်ရပါတယ်။ ဒါကြောင့် တိရစ္ဆာန်ရောဂါကာကွယ်ရေးနှင့် ကုသရေးကို နိုင်ငံတော်အဆင့်က ဆောင်ရွက်မှသာ အောင်မြင်မှာဖြစ်တဲ့အတွက် "တိရစ္ဆာန်ရောဂါကာကွယ်ရေးနှင့် ကုသရေး"ဟုအခြေခံရမည့်မူတစ်ရပ်အား ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်ကြောင်းအကြံပြုတင်ပြအပ်ပါတယ်။

ဒါ့ကြောင့် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြပါရှိတဲ့ "တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးရောဂါကာကွယ်ရေးစနစ်တကျ ထိန်းကျောင်းရေး" ဟူသည့် စကားရပ်အစား "တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေးဟုသာ ပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်"ဟုလည်းကောင်း။

အကြံပြုတင်ပြသွား

ကမ္ဘာပေါ်ရှိနိုင်ငံများကို လေ့လာကြည့်ပါလျှင် စက်မှုနိုင်ငံများသာ များသောအားဖြင့် ချမ်းသာကြတာကို တွေ့ရပါတယ်။ သို့သော်လည်း တစ်မုဟုတ်ချင်း ခုန်ပျံချမ်းသာဖို့ခဲယဉ်းတဲ့အတွက် စက်မှုကုန်ကြမ်းသီးနှံများကို လုံလောက်စွာရရှိအောင် အရင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်တဲ့ စပါး၊ ပဲမျိုးစုံ၊ ကြံ၊ ဝါ၊ကော်ဖီ အစရှိသည်တို့ကိုလည်း ပြည်တွင်းစားသုံးရုံသာမက ပြည်ပတင်ပို့နိုင်စေရန်အတွက်လည်း သီးနှံအထွက်နှုန်းကောင်းစေရေးကို ကြိုးစားဆောင်ရွက်ကြရမှာဖြစ်ပါတယ်ဟု လည်းကောင်း အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က–

"ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးဦးတည်ချက်(၄)ရပ်အနက် ပထမဦးဆုံး ဦးတည်ချက်ကတော့ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဖြစ်ပါတယ်။ စားနပ်ရိက္ခာများ ပြည်တွင်းသာမက ပြည်ပပါပို့နိုင်အောင် တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန် ပြည်တွင်းစက်မှုလက်မှု လုပ်ငန်းများအတွက် လိုအပ်တဲ့ စက်မှုကုန်ကြမ်းသီးနှံများ ထုတ်လုပ်ရန်၊ လယ်ယာထွက်ကုန်များ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရန်စတဲ့ ရည်မှန်းချက်များ ထားရှိရမှာဖြစ်ပါတယ်။ အဲဒီရည်မှန်းချက်များကို အကောင်အထည် ဖော်နိုင်ဖို့ ပြည်ထောင်စုတစ်ဝန်းလုံးအတွက် မြေယာစီမံခန့်ခွဲမှု၊ မြေလွတ်မြေရိုင်းများဖော်ထုတ်မှု၊ မြေတိုင်းတာမှု၊ ဆည်မြောင်းတာတမံများနှင့် စိုက်ပျိုးရေရရှိရေး စတဲ့ မြေယာနှင့်ဆိုင်တဲ့ မူဝါဒများချမှတ်ခြင်း၊ လိုအပ်တဲ့ဥပဒေများ ပြဋ္ဌာန်းပေးခြင်းတို့ကို ပြုလုပ်ရမှာဖြစ်ပါတယ်။ ခေတ်အဆက်ဆက်က မြေယာစီမံခန့်ခွဲမှုတွေနဲ့ စပ်လျဉ်းတဲ့ လိုအပ်တဲ့ဥပဒေတွေကို နိုင်ငံတော်ရဲ့ အမြင့်ဆုံးဥပဒေပြုရေးအဖွဲ့အစည်းအဝေးက ဆောင်ရွက်တဲ့နည်းတူ စိုက်ပျိုးရေးကဏ္ဍမှာ ပါရှိရမယ့် အချက်(၁၁)ချက်ကို လိုအပ်လာရင် ဥပဒေပြဋ္ဌာန်း ပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် သတ်မှတ်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်ဟု လည်းကောင်း။

ပြည်ထောင်စုအဆင့်အနေနဲ့ လယ်ယာစိုက်ပျိုးရေးမူဝါဒများ၊လုပ်ငန်းစီမံကိန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ချမှတ်ပေးလိုက်တဲ့အခါ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကပါ တိုးတက်အောင် ဆောင်ရွက်ရမယ့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ပြီး ဆောင်ရွက်သွားရမှာဖြစ်ပါတယ်၊ ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကပါ မိမိတို့ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍပါ ကိစ္စရပ်များနဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ ဖော်ပြရန် အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်"ဟုလည်းကောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

ထောက်ခံဆွေးနွေးသွား

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

"အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားတဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍနဲ့ စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်တဲ့ အချက်(၁၁)နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်တဲ့ အချက်ခုနစ်ချက်တို့ကို အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း" ထောက်ခံဆွေးနွေးသွားသည်ကို တွေ့ရှိရပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့က–

"စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍမှာ ပါရှိရမယ့် ကိစ္စရပ်(၁၁)ရပ်ကို ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း ထောက်ခံတင်ပြအပ်ပါတယ်ဟု လည်းကောင်း၊ ကိစ္စရပ်ခုနစ်ရပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း ထောက်ခံတင်ပြအပ်ပါတယ်"ဟုလည်းကောင်းဆွေးနွေးတင်ပြသွားပါကြောင်း။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် ကိစ္စရပ်(၁၁)ချက်ကို တင်ပြခဲ့ပါကြောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့က အဲဒီ(၁၁)ချက်ကို ထောက်ခံတင်ပြခဲ့သည့်အပြင် အမှတ်စဉ်(၁၂)အဖြစ် "တိရစ္ဆာန်မျိုးပွားရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် သုတေသနလုပ်ငန်းများ"ဟု ဖြည့်စွက်ရန် အကြံပြုတင်ပြသွားတာ တွေ့ရှိရပါကြောင်း။

ပြင်ဆင်ရန်တင်ပြ

ထို့အပြင် မူလကလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်တွင် ဖော်ပြခဲ့သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် "တိရစ္ဆာန်မွေးမြူရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် စနစ်တကျ ထိန်းကျောင်းရေး" ဟူသော စကားရပ်အစား "ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေး"ဟု ပြင်ဆင်ရန် တင်ပြအကြံပြုထားသည်ကိုလည်း တွေ့ရှိရပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်အစုအဖွဲ့က–

"ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ပါရှိသင့်တဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်(၁၁)ရပ်နဲ့ စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်ကြောင်း တင်ပြအပ်ပါတယ်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ တင်ပြချက်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် ကိစ္စ(၁၁)ချက်ကို တင်ပြခဲ့ရာ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်အစုအဖွဲ့က အမှတ်စဉ်(၁၂)အဖြစ် "တိရစ္ဆာန်မျိုးပွားရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် သုတေသနလုပ်များ"ဟု ဖြည့်စွက်ရန်အကြံပြု တင်ပြသွားတာ လေ့လာတွေ့ရှိရပါကြောင်း။

ယင်းအကြံပြုချက်နှင့်စပ်လျဉ်းပြီး–

"ပြည်သူများ ဈေးနှုန်းသက်သာချောင်ချိစွာ စားသုံးနိုင်ဖို့အတွက် တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းများကို အမြဲတစေ ကူညီပံ့ပိုးပေးနေရမှာဖြစ်ပါတယ်။ တိရစ္ဆာန် မွေးမြူရေးလုပ်ငန်းများ တိုးတက်များပြားလာတာနှင့်အညီ တိရစ္ဆာန်များဟာ အများပြည်သူတို့ နေထိုင်သွားလာရာမှာလည်းကောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း အနှောင့်အယှက်မဖြစ်စေဖို့ မိမိတို့မွေးမြူထားတဲ့ တိရစ္ဆာန်များကို စနစ်တကျ ထိန်းကျောင်းပေးကြရမှာဖြစ်ပါတယ်။

ဒါကြောင့် "တိရစ္ဆာန်မျိုးပွားရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် သုတေသနလုပ်ငန်းများ"တို့နှင့် စပ်လျဉ်း၍ ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း တင်ပြအပ်ပါတယ်"ဟု ရှင်းလင်းတင်ပြသွားကြောင်း။

ဆက်လက်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍပါ အချက်ခုနစ်ချက်နှင့် စပ်လျဉ်းပြီး အမှတ်စဉ် (၁)မှ (၆)အထိ အချက်များကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်များအတိုင်း ထောက်ခံဆွေးနွေးသွားပါကြောင်း၊ အမှတ်စဉ်(၇)နဲ့ ပတ်သက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်တွင် ဖော်ပြထားသည့် တိရစ္ဆာန်မွေးမြူရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် စနစ်တကျ ထိန်းကျောင်းရေး ဟူသော စကားရပ်အစား "ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေး"ဟူသော စကားရပ်ဖြင့် အစားထိုးရန် အကြံပြုတင်ပြသွားသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ယင်းအကြံပြုချက်နှင့် စပ်လျဉ်းပြီး နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့က–

"တိုးပွားလာသော လူဦးရေနှင့်အညီ အမျိုးသားကျန်းမာရေးနဲ့ ဖွံ့ဖြိုးရေးအတွက် အရေးပါတဲ့ အသားထုတ်လုပ်မှုကိုလည်း တိုးမြှင့်သွားရန် လိုအပ်မှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေးတို့ကို တိုင်းဒေသကြီးနဲ့ ပြည်နယ်များအလိုက် ပိုမိုထိရောက် အောင်မြင်စေရန် အနီးကပ်ကြီးကြပ်သွားကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေးတို့အတွက် ဥပဒေပြုဖို့ လိုအပ်တဲ့အခါ ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း တင်ပြအပ်ပါတယ်"ဟု ရှင်းလင်းတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

"အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်မှာ နိုင်ငံတော်သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို အတတ်နိုင်ဆုံးဖြည့်ဆည်းမည်"ဟူ၍ ဖော်ပြပါရှိရာ နိုင်ငံတော်ရဲ့ စီးပွားရေးဦးတည်ချက်နဲ့ ကိုက်ညီကြောင်း တွေ့ရှိရပါတယ်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် ပြည်ထောင်စုဥပဒေပြုစာရင်း၌ အသေးစိတ်အခြေခံသင့်တဲ့မူ (၁၁)ချက်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြု စာရင်းတွင် အခြေခံသင့်တဲ့ မူခုနစ်ချက် တင်ပြထားတာတွေ့ရပါတယ်၊ အဲဒီမူများကို ကျွန်တော်တို့အဖွဲ့က ညီညီညွတ်ညွတ် ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။

တစ်ဖန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအား မြေယာများကို စီမံခန့်ခွဲပိုင်ခွင့်၊ စိုက်ပျိုးရေးအထောက်အကူပြု ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးထုတ်လုပ်သုံးစွဲခွင့်၊ စိုက်ပျိုးရေးသုတေသနပြုခွင့် စတဲ့လုပ်ငန်းများကို စီမံခန့်ခွဲ လုပ်ကိုင်စေခြင်းဖြင့် နိုင်ငံတော်ရဲ့ စိုက်ပျိုးရေးကဏ္ဍမှာ လက်တွေ့ကျကျ တစ်ရှိန်ထိုး တိုးတက်လာနိုင်စေမှာဖြစ်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ဖော်ပြထားသော အသေးစိတ် အခြေခံရမည့်မူများမှ–

- အမှတ်စဉ် (၁) မြေယာစီမံခန့်ခွဲမှု၊
- အမှတ်စဉ် (၂) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဖော်ထုတ်ခြင်း၊
- အမှတ်စဉ် (၃) ကြေးတိုင်နှင့်မြေစာရင်း၊
- အမှတ်စဉ် (၈) စက်မှုလယ်ယာ၊
- အမှတ်စဉ် (၉) စိုက်ပျိုးရေးသုတေသန၊
- အမှတ်စဉ် (၁၀) ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး ထုတ်လုပ်ရေး၊
- အမှတ်စဉ် (၁၁) ပင်လယ်ငါးလုပ်ငန်းများနဲ့ ပတ်သက်ပြီး ဒေသအလိုက် အနီးကပ် ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်က ဥပဒေပြဋ္ဌာန်းရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို အထက်ပါ အချက်များ လုပ်ပိုင်ခွင့်ရရှိစေရန်အတွက် ထည့်သွင်းစဉ်းစားပေးပါရန်

အကြံပြုတင်ပြအပ်ပါတယ်"

ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း ကောက်နုတ် ဆွေးနွေးတင်ပြသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ညီလာခံနားရက်တွင် စာပေဗိမာန်စာအုပ်အငှားဆိုင်၌ စာအုပ်များ ဝယ်ယူကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များ ညီလာခံနားရက်တွင် ပျော်ရွှင်စွာ အပန်းဖြေ အနားယူလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ကျင်းပလျက်ရှိသော အမျိုးသားညီလာခံနားရက်ဖြစ်သည့် ယနေ့(စနေနေ့)တွင် နှင်းပဝါပါးပါး အုပ်ဆိုင်းထားသော အေးမြလှသည့် ဆောင်းနှင်းမှုန်များအကြား အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ကိုယ်လက်လှုပ်ရှား လမ်းလျှောက်ခြင်း၊ ကြက်တောင်ရိုက်ခြင်း၊ ကိုယ်ကာယလေ့ကျင့်ခြင်း၊ ဘိလိယက်ထိုးခြင်း၊ ဂေါက်သီးရိုက်လေ့ကျင့်ခြင်းတို့ဖြင့် မိမိတို့နှစ်သက်ရာ အားကစားနည်းများအလိုက် ပျော်ရွှင်စွာ အပန်းဖြေလှုပ်ရှားလျက်ရှိကြသည်။

ထို့အပြင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ကိုယ်စားလှယ်များ အလွယ်တကူ သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရန် ဖွင့်လှစ်ထားရှိသည့် အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာ အရောင်းဆိုင်၊ ဝန်ထမ်းပေါင်းစုံ (ဂျီအီးစီ) အရောင်းဆိုင်၊ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းအရောင်းဆိုင်၊ ရုပ်အကျီဆိုင်များ၊ မြန်မာမျက်မှန်အရောင်းဆိုင်တို့မှလည်း လိုအပ်သော အသုံးအဆောင်ပစ္စည်းများ ဝယ်ယူအားပေးလျက်ရှိကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ပြည်နယ်နှင့်တိုင်းအသီးသီးနှင့် နယ်စပ်တောင်ပေါ်ဒေသ ပြည်ထောင်စုတစ်ဝန်းတို့မှ လာရောက်ကြပြီး အနာဂတ်နိုင်ငံတော်အရေးကို စိတ်အားထက်သန်စွာဖြင့် ဆွေးနွေးတိုင်ပင်လျက်ရှိကြရာ နားရက်အတွင်း ၎င်းတို့၏ ဇာတိဒေသ၌ ကျန်ရစ်ခဲ့ကြသော မိဘဆွေမျိုး မိတ်ဆွေ၊ သူငယ်ချင်း မိသားစုများကိုလည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဖွင့်လှစ်ထားရှိသော တယ်လီဖုန်းဖြင့် ဆက်သွယ်ခြင်းများ ပြုလုပ်လျက်ရှိကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန် စာအုပ်အငှားဆိုင်မှ ဘာသာရေးစာအုပ်များ၊ ဘာသာပြန်စာအုပ်များ၊ လစဉ်ထုတ်မဂ္ဂဇင်းများ စသည့် သုတ၊ ရသစာအုပ်များကို ငှားရမ်းဖတ်ရှုခြင်း၊ ကိုယ်စားလှယ်များ၏ အိပ်ဆောင်များ၌ တပ်ဆင်ထားရှိသည့် ရုပ်မြင်သံကြားဖမ်းစက်မှ MRTV, MRTV-3 , MRTV-4, MWD, HBO, CNN Star Sport သတင်းများ၊ အစီအစဉ်များကို အပန်းဖြေကြည့်ရှုကြသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ၁၆ရက်က သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကဦးဆောင်၍ (ခ)ရပ်ကွက် ပြည်သူများက သုခလမ်းကိုယ့်အားကိုယ်ကိုး နိုင်လွန်ကတ္တရာလမ်းခင်းနိုင်ရေးအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ရပ်ကွက် ရုံးခန်းမ၌ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးခင်ဝေ၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်လှ(မိဘမေတ္တာ)တို့က လမ်းတာဝန်ခံဦးဝင်းစိန်သို့ ငွေကျပ် ၁၅သိန်း လွှဲပြောင်းပေးအပ်စဉ်။ (၄၀၁)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အလှူရှင် ဦးဇော်ဇော် (Max Myanmar Co., Ltd)က ငွေကျပ် ၁၀ သိန်း ပေးအပ် လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ လက်ခံစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် သီဟသုဓမ္မသိင်္ဂီ ဒေါ်ရွှေစင် (Gold Uni Jewellery Co,Ltd)နှင့် ဦးဇော်ဇော် (Max Myanmar Co.,Ltd)တို့က ငွေကျပ် ၁၀ သိန်းစီ၊ ဒေါ်သန်းသန်းလေးနှင့် ဒေါ်သီတာအေးဝင်း (Mandarin Airlines)တို့က ငွေကျပ်ကိုးသိန်း၊ ဦးမြတ်သင်းအောင် – ဒေါ်ခင်မြင့်မြင့် မိသားစု (A.A Medical Products Ltd)၊ဦးခင်မောင်စန်း–ဒေါ်သဇင်နွယ် (ရွှေသာယာ မော်တော်ကားကုမ္ပဏီ)၊ ဦးထွန်းလှိုင် (Excellence Mineral Manufacturing Co.,Ltd)၊ ဦးမျိုးမြင့်–ဒေါက်တာချိုချိုဝင်း (Classic Style Fashion Shop) &(M-3 Food Center)၊ ဦးရဲမင်း (Excellence Enterprise Ltd)တို့က ငွေကျပ်ငါးသိန်းစီ၊ ဒေါ်စန်းစန်းမြင့်၊ ကိုအောင်သန်းမြင့် (Super Power Co.,Ltd)၊ ဦးသိန်းဟံ (Tokyo Pipe-Myanmar Pipe & Assessories Co.,Ltd)၊ဦးဝင်းအောင်–ဒေါက်တာဒေါ်မိုးမြမြ (Dagon International Co.,Ltd)၊ ဦးထွန်းမင်း–ဒေါ်မေသီရိစိုး၊ ဦးအုန်းဆိုင်–ဒေါ်မြင့်မြင့်စိန် (New Golden Gate Co.,Ltd)၊ ဦးကိုကိုထွေး (တော်ဝင်မိသားစု ကုမ္ပဏီ)၊ ဒေါ်ခိုင်ဇော် (Earth Industrial Myanmar Co.,Ltd) တို့က ငွေကျပ်သုံးသိန်းစီ၊ ဦးထွန်းမြင့်–ဒေါ်အေးအေးညွန့်(ကြက်လျှာစွန်းဒံပေါက်)၊ ဦးခင်မောင်အေး–ဒေါ်ခင်လေး (Gold Power Co., Ltd)၊ ဦးလှမောင်ရွှေ–ဒေါ်တင်တင်ဦး (ရွှေမိသားစု)တို့က ငွေကျပ် နှစ်သိန်းစီ၊ ရွှေကမ္ဘာ ဦးမောင်မောင်၊ ဒေါ်နုနုရီ (ဒုတိယဥက္ကဋ္ဌ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း)၊ ဦးအောင်သိန်း (Nibban TV Antenna)၊ သီဟသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း–ဒေါ်စန်းဝင်း (KN Co., Ltd)၊ ဦးလှငွေ–ဒေါ်တင်နွယ်ဦး (မှန်ချိုဆေးတိုက်)၊ ဦးအံ့မောင် (အကြိုပေးပုဂ္ဂိုလ်)၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်တင်ဝေ၊ ဦးမောင်မောင်လှိုင်–ဒေါ်ဝါဝါထွန်း (မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း)၊ ဒေါက်တာအောင်ဝင်း–ဒေါ်ကြွေကြွေဇင် (Mable Trading Co.,Ltd) တို့က ငွေကျပ်တစ်သိန်းစီ၊ ဦးကျော်စိုး–ဒေါ်လှဝတီ (ဒီပဝတီကုမ္ပဏီလီမိတက်)၊ ဒေါ်မြင့်မြင့် (ရာသက်ပန်) တို့က ငွေကျပ်ငါးသောင်းစီနှင့် ဦးသန်းလှိုင်–ဒေါ်မြင့်မြင့်အေးက ငွေကျပ်တစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ပြောကြား

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၂-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အကၤအရေးၤအတီးပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ **ဆရာတော်ဦးဇောသိတတရားတော် အမှောင်ငါးစင်းအလင်းငါးချက်**
- ၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Major Methods of Social Psychological Research (ဒုတိယနှစ်–စိတ်ပညာအထူးပြု)
- ၄:၄၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၈။ နိုင်ငံတကာသတင်း
- ၆:၂၀ ၉။ မိုးလေဝသသတင်း
- ၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၆:၄၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "အင်တာနက်ချစ်သက်လျာ" (အပိုင်း–၁၄)**
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ မြန်မာ့ရှုခင်း
- ၁၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၇။ **FA CUP ဘောလုံးပွဲ Newcastle United Vs Chelsea**
- ၁၈။ သင့်အတွက်မနက်ဖြန်
- ၁၉။ အပိတ်နှုတ်ဆက်စကား
- ၂၀။ ပြီးပါပြီ။

တရားတော်များ ဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

သာကေတမြို့နယ်၊ ရှုခင်းသာ(၆)ရပ်ကွက်၊ အောင်သုခပရိယတ္တိစာသင်တိုက် စာချ ဓမ္မကထိက အရှင်နန္ဒက (မြင်းမူ) ဆရာတော်သည် ဖေဖော်ဝါရီ ၂၃ ရက်တွင် လှည်းကူးမြို့နယ်၊ မင်းလွင်ကုန်းရွာ၊ ၂၄ နှင့် ၂၅ ရက်တွင် ဒေးဒရဲမြို့နယ်၊ ရှမ်းကန်ရွာ၊ ၂၈ ရက်တွင် လက်ပံတန်းမြို့ ရွှေတောင်ကျောင်းတိုက်၊ မတ် ၃ ရက်၊ ၄ ရက်နှင့် ၈ ရက်တို့တွင် မြင်းမူမြို့နယ်၊ ပဒတ္ထိုင်းစုပြုရွာ၊ ၂၀ရက်နှင့် ၂၁ ရက်တွင် သရက်မြို့နယ်၊ ညောင်ရွာလေးရွာ၊ ၂၆ ရက်မှ ၂၈ ရက်အထိ ညောင်တုန်းမြို့နယ်၊ ပဒေါဒေါက်ရွာ ဘုန်းတော်ကြီးကျောင်းနှင့် ၃၀ရက်တွင် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အရှေ့၊ ၂၃ လမ်းတို့၌ ညစဉ် ၇ နာရီခွဲမှစ၍ တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ (က–ပ)

နွေရာသီဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရတနာမဥ္ဇူ ဓမ္မာရိပ်သာတွင် လူငယ်များ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကို မတ် ၁၃ ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသော ကျောင်းသား၊ ကျောင်းသူများ မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက်၊ (၂)လမ်း ရတနာမဥ္ဇူရိပ်သာသို့ မိဘများကိုယ်တိုင် လာရောက်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ကျောင်းသားဦးရေ ကန့်သတ်ထားပါသဖြင့် ဝင်ခွင့်လျှောက်လွှာများကို တင်သွင်းနိုင်ရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

စံပြမူကြိုဆရာဖြစ် သင်တန်းများဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန စံပြမူကြိုကြီးကြပ်ရေးကော်မတီ အစည်းအဝေးကို ယမန်နေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဟန်က စံပြမူကြိုဆရာဖြစ်သင်တန်းများ ဖွင့်လှစ်ရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

စံပြမူကြိုဆရာဖြစ် သင်တန်းအပတ်စဉ်(၆)ကို မတ်၇ရက်မှ ဧပြီ ၂၄ရက် အထိနှင့် အပတ်စဉ်(၇)ကို ဧပြီ ၂၅ရက်မှ မေ၂၀ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၄နာရီအတွင်း တနင်္ဂနွေနေ့မှအပ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် ဖေဖော်ဝါရီ ၂၁ရက်မှစ၍ အထက်ပါဌာန၌ လျှောက်ထားနိုင်သည်။

မူကြိုပညာရေး နည်းပညာသင်ရိုးများကို လူမှုဝန်ထမ်းဦးစီးဌာန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့်မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်းရေးဆွဲထားပြီးဖြစ်ရာ အဆိုပါ သင်ရိုးနှင့် အညီ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့်ပြင်ပမှ စိတ်ပါဝင်စားသူများအား သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက နိုင်ငံတော်က အသိအမှတ်ပြုသင်တန်းဆင်း လက်မှတ်များကို ချီးမြှင့်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ပြစ်ဒဏ်များချမှတ်

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်နေ ဦးကံမောင်၏သား အသက် (၃၃)နှစ်ရှိ ဦးနီဝမ်းအား ဖမ်းဆီးရရှိသောထိန်းချုပ်ဓာတုပစ္စည်းအက်စစ်များနှင့်အတူ တွေ့ရစဉ်။ (မူးယစ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော်က မူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ်ခံယူလျက် တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မူးယစ်အထူးအဖွဲ့ဝင်များနှင့် ရွှေပြည်သာမြို့နယ် ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် ရွှေပြည်သာမြို့နယ် (၁၀)ရပ်ကွက် စက်မှုလမ်းရှိ ကောင်းထက်စံ လက်ဖက်ရည်ဆိုင်၌ မြင့်ထွန်း (ခ)ထွန်းမြင့်အား ရှာဖွေရာ ပုဆိုးခါးပုံစအတွင်းမှ စက္ကူဖြင့်ထုပ်လျက် ဆေးခြောက် ၄၀ ဒသမ ၈၂၇ ရမ် ဖမ်းဆီးရမိခဲ့၍ ရွှေပြည်သာမြို့နယ် မြစ်ကျိုးလမ်းနေ ဦးမြဟန်၏သား အသက်(၃၄)နှစ်ရှိ မြင့်ထွန်း(ခ)ထွန်းမြင့်အား ရွှေပြည်သာရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ် (၁/၂၀၀၄)၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅၊ ၁၉(က)အရ အမှုဖွင့် အရေးယူခဲ့သည်။

အမှုကို ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားရုံးက ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၈ရက်တွင် မြင့်ထွန်း(ခ)ထွန်းမြင့်အပေါ် မူးယစ်ဆေးဝါးသုံးစွဲမှု ပုဒ်မ ၁၅အရ ထောင်ဒဏ်ငါးနှစ်၊ မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉ (က)အရ အလုပ်နှင့်ထောင်ဒဏ် အနှစ် (၂၀) ပြစ်ဒဏ်များကို သီးခြားစီကျခံရန် အမိန့်ချမှတ်ခဲ့သည်။

အလားတူ တောင်ကြီးမူးယစ်အထူးအဖွဲ့နှင့် ပင်းတယရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၄ ခုနှစ် စက်တင်ဘာ ၆ရက်တွင် သတင်းအရ ပင်းတယမြို့နယ် တမ်ရွာနေ ဦးထွန်းချိန်၏နေအိမ်ကို ဝင်ရောက်စစ်ဆေးရှာဖွေရာ နေအိမ်အတွင်းမှ ဆေးခြောက် ၄ဒသမ၀၈၂၅ ကီလိုဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ပင်းတယမြို့နယ် တမ်ရွာနေ ဦးထွန်းအေး၏သား အသက်(၄၅)နှစ်ရှိ ထွန်းချိန်ကို ပင်းတယရဲစခန်းမှ မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ်(၁/၂၀၀၄)၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅၊ ၁၆(ဂ)၊ ၁၉(က)အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို တောင်ကြီးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၇ရက်တွင်တရားရုံးက ထွန်းချိန်အား မူးယစ်ဆေးဝါးသုံးစွဲရန် လက်ဝယ်ထားရှိမှု ပုဒ်မ ၁၆ (ဂ)အရ ထောင်ဒဏ် ၁၀ နှစ်၊ မူးယစ်ဆေးဝါးရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉ (က)အရ ထောင်ဒဏ်၁၇နှစ် ပြစ်ဒဏ်များကို တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ထို့အတူ မန္တလေး မူးယစ်အထူးအဖွဲ့နှင့် နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၃ရက်တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အောင်မြေသာစံ ရပ်ကွက်(၂၂) လမ်း(၈၈)နှင့်(၈၉)လမ်းကြားရှိ အိမ်အမှတ်(၁၁၃)နေ ဦးနီဝမ်း၏ နဂါးနီ နီကယ်အရောင်တင်လုပ်ငန်းနှင့် ဓာတုပစ္စည်းအရောင်းဆိုင်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ ဆာလ်ဖြူရစ်အက်စစ် ၁၃၂၃ ဒသမ ၁၃ လစ်တာ၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ၉၁ဒသမ ၈၁လစ်တာ၊ နိုက်ထရစ်အက်စစ် ၁၁၂၀ လစ်တာ ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအရှေ့ ရပ်ကွက်နေ ဦးကံမောင်၏သား အသက်(၃၃)နှစ်ရှိ ဦးနီဝမ်းအား ထိန်းချုပ်ဓာတုပစ္စည်းများခွင့်ပြုချက် မရှိဘဲ သိုလှောင်ထိန်းသိမ်းထားရှိမှုဖြင့် မန္တလေး အမှတ်(၅) ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ် (၁/၂၀၀၅)၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ခ)အရ အမှုဖွင့် အရေးယူထားသည်။ (သတင်းစဉ်)

အင်အားပြင်းထန်သော မြေငလျင်လှုပ်ရှား

ရန်ကုန် ဖေဖော်ဝါရီ ၁၉

၂၀၀၅ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက် မြန်မာစံတော်ချိန် ဝ၆နာရီ ၄၁မိနစ် ၃၁စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ အရှေ့တောင်ဘက် မိုင်၂၄၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၅ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် စီးပွားရေးကဏ္ဍနှင့်စပ်လျဉ်း၍အမျိုးသားညီလာခံကိုယ်စားလှယ်များ၏အကြံပြုချက်များကောက်နုတ်တင်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမြအေး၏ "စီးပွားရေးကဏ္ဍ"နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

နိုင်ငံ တစ်နိုင်ငံမှာ စီးပွားရေးဟာ နိုင်ငံရေးနဲ့ လူမှုရေးတို့ကို ချိတ်ဆက်ပေးတဲ့ အဓိကကွင်းဆက်ဖြစ်တာကြောင့် စီးပွားရေးကွင်းဆက် အားကောင်းဖို့လိုအပ်။

တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမြအေးက "စီးပွားရေးကဏ္ဍ"နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း၌ ပါဝင်သည့် စီးပွားရေးကဏ္ဍအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်အချို့တို့၏ အကြံပြုတင်ပြချက်များအပေါ် သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်များကို ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✧

ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍနှင့်စပ်လျဉ်း၍အကြံပြုတင်ပြချက်များကို ကောက်နုတ်စုစည်းတင်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ဆက်လက်ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျ သဘာပတိအဖွဲ့၏အဖွဲ့ဝင် အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်၏ "စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ"နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

နိုင်ငံတစ်ဝန်းစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို တစ်ပြေးညီဆောင်ရွက်နိုင်ဖို့ ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် လုပ်ပိုင်ခွင့် ခွဲဝေသတ်မှတ်ပေးသင့်။

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်က "စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ"နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် စပ်လျဉ်းသည့် ဥပဒေပြုစာရင်း လျာထားချက် ကဏ္ဍ ၁၁ခုထဲမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနှင့် ညီလာခံကိုယ်စားလှယ်အချို့တို့၏ အကြံပြုတင်ပြချက်များအပေါ် သဘာပတိအဖွဲ့၏

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် စွမ်းအင်၊ လျှပ်စစ်၊ သတ္တု၊ သစ်တောကဏ္ဍ အကြံပြုတင်ပြချက်များ ကောက်နုတ်စုစည်းတင်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ဆက်လက်ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာဦးသိန်းဦးဘိုးစော၏ "စွမ်းအင်၊ လျှပ်စစ်၊ သတ္တု၊ သစ်တောကဏ္ဍ"နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍအောက်တွင်ပါရှိသင့်သည့် ကိစ္စရပ်များသည် နိုင်ငံတစ်ဝန်းလုံးနှင့် အကျုံးဝင်နေပြီး တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် နယ်နိမိတ် တစ်ခုနှင့် တစ်ခုအကြား ဆက်စပ်တည်ရှိနေ။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာဦးသိန်းဦးဘိုးစောက "စွမ်းအင်၊ လျှပ်စစ်၊ သတ္တု၊ သစ်တောကဏ္ဍ"နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် စပ်လျဉ်းသည့် ဥပဒေပြုစာရင်းလျာထားချက် ကဏ္ဍ(၁၁)ခုထဲမှ စွမ်းအင်၊ လျှပ်စစ်၊သတ္တုနှင့် သစ်တောကဏ္ဍအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနှင့်ညီလာခံကိုယ်စားလှယ်အချို့တို့၏

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✺